# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်၊ စနေနေ့။ Saturday, 14 December 2024 ၁၁၆၇၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာမှာ စီးပွားရေးပညာရှင်များဟာ အဓိကအခန်းကဏ္ဍမှာ ပါဝင်နေ

**ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချီးမြှင့်ပြောကြားသည့် ဗီဒီယိုမိန့်ခွန်း**

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

အားလုံး မင်္ဂလာပါ။

ယနေ့ကျင်းပတဲ့ ရန်ကုန်စီးပွားရေးတက္ကသိုလ်ရဲ့ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်နဲ့ တိုင်းဒေသကြီးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနဲ့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များနဲ့ တာဝန်ရှိသူများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။

၁၉၆၄ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့တဲ့ ရန်ကုန်စီးပွားရေးတက္ကသိုလ်ဟာ ယခု ၂၀၂၄ ခုနှစ်ဆိုရင် နှစ်ပေါင်း ၆၀ ပြည့်မြောက်ခဲ့ပြီး ယခုလို နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်းဟာ ဝမ်းမြောက်ဂုဏ်ယူစရာဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာမှာ စီးပွားရေးပညာရှင်များဟာအဓိကအခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ ဒီလိုအရေးပါတဲ့ စီးပွားရေးပညာရှင်များကို

စာမျက်နှာ ၃ ကော်လံ ၁ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပညာရေးဝန်ကြီးဌာန ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် ဗီဒီယိုမိန့်ခွန်းပြောကြားစဉ်။

**"စီးပွားရေး တက္ကသိုလ်ဘွဲ့ရကျောင်းသား ကျောင်းသူတွေဟာ တိုင်းပြည်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းရည်ပြည့်ဝတဲ့ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များအဖြစ် ကဏ္ဍပေါင်းစုံမှာ ပါဝင်ဆောင်ရွက် အကျိုးပြုနေကြတာကို တွေ့ရှိရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူ"**

ယနေ့ ဖတ်စရာ

**ပွဲနည်းနည်းရှားနေတဲ့အချိန်မှာ ဒီလိုပွဲတွေလုပ်ပေးခြင်းအားဖြင့် ရှက်ပုန်းသီးအားကစားသမားတွေလည်း ထွက်ပေါ်လာမယ်။ လာမယ့်ဆီးဂိမ်းပြိုင်ပွဲမှာ ပြိုင်မယ့်ကစားသမားတွေလည်း အခုပြိုင်ပွဲကနေ ရွေးချယ်လို့ရမှာဖြစ်ပါတယ်။**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၆

**ပြည်သူလူထုနှင့်ဆက်ဆံရာတွင် ဖော်ရွေစွာပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရားထားရှိခြင်းတို့ဖြင့် ဆောင်ရွက်ပေးပါ**

ဆောင်းပါး စာမျက်နှာ » ၁၇

ကြေးမုံ

# အရည်အသွေးမီ လုံခြုံစိတ်ချမှု ဈေးကွက်ဝေစုရ၍ စီးပွားတိုးတက်

မြန်မာနိုင်ငံတွင် နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်ပစ္စည်းများ အရည်အသွေး အရည်အချင်းပြည့်မီ၍ စံချိန်စံညွှန်းပြည့်မီမှုသည် အရေးကြီးသောအချက်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေအရပ်ရပ်တို့ကို အကြောင်းပြု၍ ပြည်သူများ၏ လူမှုဘဝယဉ်ကျေးမှုအခြေအနေများ စီးဆင်းလိုက်ပါပြောင်းလဲမှုအရ ဝင်ငွေနှင့် ထွက်ငွေ လိုက်လျောညီထွေရှိစေရေးအတွက် သင့်လျော်သလို လိုက်ပါစီးဆင်းနေသည်ကို တွေ့ရမည်ဖြစ်သည်။

ဤသို့သော အခြေအနေအကြောင်းရပ်ကိစ္စအမျိုးမျိုးတို့ကြောင့် ကုန်ပစ္စည်းအရည်အသွေးများ ဦးစားပေးအလေးထားမှုတွင် သင့်တော်သလိုဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ အရည်အသွေးတန်ဖိုးကို အလေးထားမှုအားနည်းသဖြင့် လူမှုဘဝအခြေအနေများတွင် အားနည်းမှုများရှိလာသလို တရားမဝင်ကုန်သွယ်မှုများ အားကောင်းလာနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်တွင်းသုံးစွဲမှုများတွင် ထိခိုက်နစ်နာဆုံးရှုံးမှုများသာမက ဘေးအန္တရာယ်ဖြစ်မှုများပါ ပေါ်ပေါက်ကြုံတွေ့ခံစားနေကြရသည်ကို သတိပြုရမည်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် စားသုံးသူ ပြည်သူများနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များပါ များစွာထိခိုက်နစ်နာမှုများရှိလာသည့်အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးအရေးယူဆောင်ရွက်သွားကြရမည်ဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာတိုက်ဖျက်နိုင်ရန်အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို စတင်ဖွဲ့စည်းဆောင်ရွက်ချိန်မှစ၍ ကော်မတီအစည်းအဝေး ၁၆ ကြိမ်ကျင်းပပြီး ဆုံးဖြတ်ချက်အကြိမ်ရေ ၅၆၀ ချမှတ်ဆောင်ရွက်ခဲ့ကာ စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက်များကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်နေသည်ကို တွေ့ရသည်။

တရားမဝင်ကုန်သွယ်မှုကြောင့် နိုင်ငံတော်၏ အခွန်ငွေရရှိမှုတွင် များစွာဆုံးရှုံးနစ်နာမှုများဖြစ်ခဲ့ရသည်။ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများကြောင့် နိုင်ငံတော်တွင် ကုန်ကျစရိတ်များ များစွာဖြစ်လာခဲ့သည်။ ပြည်တွင်းကုန်ထုတ်လုပ်မှုအပိုင်းတွင် တရားမဝင်တင်သွင်းလာသော အရည်အသွေးမမီသည့် ဈေးသက်သာသော ကုန်ကြမ်းပစ္စည်းများကြောင့် ပြည်တွင်းလုပ်ငန်းရှင်များက ထုတ်လုပ်သည့် ကုန်ပစ္စည်းများတွင် အရည်အသွေးပြည့်မီခြင်းမရှိသဖြင့် ပြည်တွင်းသုံးစွဲမှုတွင် ဘေးအန္တရာယ်ဖြစ်စေသည်။

အာမခံချက်မရှိဘဲ ဈေးပေါပေါဖြင့် တင်သွင်းလာသည့် အတု၊ အပ၊ အရည်အသွေးမမီသည့် ကုန်ကြမ်းပစ္စည်းများကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်သည်။ အသွင်အမျိုးမျိုးဖြင့်ဆောင်ရွက်နေသည့် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများသည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်နစ်နာစေရုံသာမက ကုန်သွယ်မှုလုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန်စသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရသင့်ရထိုက်သော အခွန်အခများဆုံးရှုံးနစ်နာစေပြီး နိုင်ငံ၏ဂျီဒီပီတိုးတက်မှုကျဆင်းစေသည်ကို တွေ့ရသည်။ နိုင်ငံ၏ဝင်ငွေ ထိခိုက်မှုရှိသဖြင့် သုံးစွဲမှုအပိုင်းတွင် ဝင်ငွေ/ထွက်ငွေ မျှတမှုမရှိဘဲ ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေနိုင်သည်။ နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် ကုန်သွယ်မှု၏ နောက်ကွယ်တွင် လာဘ်ပေးလာဘ်ယူမှုကိစ္စများရှိလာသောကြောင့် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် ဂုဏ်သိက္ခာကျဆင်းလာခြင်း၊ စာရိတ္တနှင့် စိတ်ဓာတ်များလျော့ကျလာခြင်းတို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုတွင် ထိခိုက်မှုများရှိလာနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

အရည်အသွေးပြည့်မီသော ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် မူပိုင်ခွင့်ဥပဒေများပြဋ္ဌာန်းပြီးဖြစ်သည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်ကုန်ပစ္စည်းများကို မူပိုင်ခွင့်နှင့် စံချိန်စံညွှန်းများပိုင်ဆိုင်မှုရှိအောင် ဆောင်ရွက်ထားရမည်ဖြစ်သည်။ ဉာဏပစ္စည်းမူပိုင်ခွင့်တွင် ကျယ်ပြန့်ရှုပ်ထွေးမှုရှိသည်သာမက ပြင်းထန်သည့် နိုင်ငံဖြတ်ကျော်မှုခင်းများအထိရှိလာနိုင်သည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းနှင့် ကမ္ဘာ့ဉာဏပစ္စည်းမူပိုင်ခွင့်အဖွဲ့တို့၏တွေ့ရှိချက်အရ ကုန်ပစ္စည်းအတု ကုန်သွယ်မှုသည် နှစ်စဉ်အမေရိကန်ဒေါ်လာ ၅၀၉ ဘီလီယံခန့်ရှိပြီး ကမ္ဘာ့ကုန်သွယ်မှု၏ သုံးရာခိုင်နှုန်းခန့်ရှိသည်။ ကုန်ပစ္စည်းအတုအပနှင့် ခိုးကူးကုန်ပစ္စည်းများ ရောင်းဝယ်ခြင်းသည် အမြတ်အစွန်းများပြီး အန္တရာယ်ရှောင်နိုင်သည့်အတွက် လုပ်ကိုင်မှုများလာသည်။

သို့ဖြစ်၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၊ အထူးအဖွဲ့များနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအဖွဲ့အစည်း အသီးသီးတို့သည် တရားမဝင်ကုန်ပစ္စည်းများကို ယခုထက်ပို၍ လေးဆခန့် ထိထိရောက်ရောက် တိုက်ဖျက်သွားရန်ဆုံးဖြတ်ထားသည်။ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ထဲထဲဝင်ဝင် ဆောင်ရွက်သွားပြီး နိုင်ငံတော်ကချမှတ်ထားသည့် ပို့ကုန်တိုးတက်ရေးအတွက် ကုန်သွယ်မှုမြှင့်တင်ရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ ပြည်သူများ အရည်အသွေးပြည့်မီအာမခံချက်ရှိသည့် ကုန်ပစ္စည်းများအသုံးပြုရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။



သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

သမဝါယမဦးစီးဌာန နှစ်(၁၂၀)ပြည့် နှစ်ပတ်လည်နေ့

*“လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေး သမဝါယမက ဆောင်ရွက်ပေး ”*

(၁၈.၁၂.၂၀၂၄)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနုနုရီ ကို အစမ်းခန့်ကာလ ( ၁ ) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ဇေယျာသီရိမြို့နယ်၌ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာပေဖတ်ရှုခြင်းဖြင့် စာပေဝါသနာရှင်များစွာ ပေါ်ထွန်းလာစေရန် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့စာကြည့်တိုက်အတွင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြစန်းရီက စာဖတ်ဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်များကို ပြောကြားသည်။ ထို့နောက် စာအုပ်စာစောင် ချစ်မြတ်နိုးသူများ အသင်းအဖွဲ့ဝင် စာရေးဆရာ ရဲမွန်ကျော်၊ စာရေးဆရာစိန်ဝင်းနွယ်တို့က စာရေးဆရာဒေါက်တာလှဘေ ရေးသားသည့် ပညာပါရမီနှင့် အတွေးအမြင်စာစုစာအုပ်ပါ ဆရာ့ထက် လက်စောင်းထက်သော တပည့်နှင့် ကျွန်တော်၏အတွေ့အမြင်၊ အတွေးအမြင်နှင့် ပညာပါရမီဖြည့်ကြပါ ခေါင်းစဉ်တို့ဖြင့် အလှည့်ကျ ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် စာပေဝါသနာရှင်များနှင့် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးခဲ့သည်။

ဆွေးနွေးပွဲသို့ စာအုပ်စာစောင် ချစ်မြတ်နိုးသူများ အသင်းအဖွဲ့ဝင်များ၊ စာပေချစ်သူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သူရအောင်(ဇေယျာမြေ)**

❖

**စာအုပ်စာပေ လူ့မိတ်ဆွေ ⬬ စာပေမြင့်မှ လူမျိုးတင့်မည်**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၃ - ၁၂ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၄၀၀ | ၈၈၅ | ၇,၂၅၉,၀၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၁၆၈ | ၅၃၂,၅၅၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၁,၂၄၄ | ၂,၃၇၅,၈၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၅၀၁ | ၁,၅၀၃,၀၀၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၁,၉၀၀ | ၃,၁၅၅,၀၀၀ |
| AMATA | ၄,၃၀၀ | ၄,၃၀၀ | ၁၀၉ | ၄၆၈,၇၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၁,၀၀၀ | ၃,၁၀၀,၀၀၀ |
| MADPL(PLB) | ၃,၂၅၀ | ၃,၂၅၀ | ၃ | ၉,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❒ **ရှေ့ဖုံးမှ**

မွေးထုတ်ပေးနေတဲ့ ရန်ကုန်စီးပွားရေးတက္ကသိုလ်ရဲ့ နှစ်(၆၀)ပြည့် သမိုင်းကလည်း ဂုဏ်ယူစရာကောင်းပါတယ်။

ရန်ကုန်စီးပွားရေးတက္ကသိုလ် သမိုင်းအစကို ပြန်ကြည့်ရင် ၁၉၂၃-၁၉၂၄ ပညာသင်နှစ်မှာ ရန်ကုန်တက္ကသိုလ်၊ ဘောဂဗေဒဘာသာရပ်ဌာနအနေနဲ့ စတင်သန္ဓေတည်ခဲ့တာ တွေ့ရပါတယ်။ အဲဒီအချိန်က ဘောဂဗေဒပညာရပ်တစ်ခုတည်းကိုပဲ သင်ကြားပို့ချပေးခဲ့ရာကနေ ၁၉၄၀-၁၉၄၁ ပညာသင်နှစ်မှာ ဝါဏိဇ္ဇဗေဒပညာရပ်နဲ့ ၁၉၅၃ ခုနှစ်မှာ စာရင်းအင်းပညာရပ်တို့ကို တိုးချဲ့သင်ကြား ပို့ချပေးနိုင်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ်မှာ ဘောဂဗေဒဌာနရဲ့ နှစ်တစ်ရာခရီးကို လျှောက်လှမ်းနိုင်ခဲ့တဲ့အတွက် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့က ဘောဂဗေဒဌာနရာပြည့်ပွဲကို ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။

၁၉၅၅ ခုနှစ်မှာ ဝါဏိဇ္ဇဗေဒဌာန၊ ၁၉၅၆ ခုနှစ်မှာ စာရင်းအင်းပညာဌာနတို့ကို သီးခြားဌာနကြီးများအဖြစ် ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ အဲဒီဌာနကြီး သုံးခုအပြင် စိတ်ပညာဌာန၊ နိုင်ငံရေးသိပ္ပံနဲ့ ရာဇဝင်ဌာန၊ မနုဿဗေဒနဲ့ လူမှုရေးရာဌာနတို့ကိုပေါင်းပြီး လူမှုရေးသိပ္ပံမဟာဌာန(Faculty of Social Science) အဖြစ် ၁၉၅၈ ခုနှစ်မှာ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့တာတွေ့ရပါတယ်။ ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတက္ကသိုလ်ပညာရေးဥပဒေအရ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှာ သီးခြားတက္ကသိုလ်တစ်ခုအဖြစ် စီးပွားရေးတက္ကသိုလ်(Institute of Economics)ဆိုတဲ့ အမည်နာမနဲ့ စတင်မွေးဖွားခဲ့ပါတယ်။ ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့က စတင်ပြီး ဖွင့်လှစ်သင်ကြားခဲ့ပါတယ်။ စီးပွားရေးတက္ကသိုလ်ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးပညာရပ်များဖြန့်ဖြူးရာတစ်ခုတည်းသော အသက်မွေးဝမ်းကျောင်းတက္ကသိုလ်အဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။

၁၉၆၄ ခုနှစ်မှာတော့ အထောက်အကူပြုဌာနလေးခုဖြစ်တဲ့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်နဲ့ သင်္ချာဌာနတို့နဲ့ ပေါင်းစပ်ဖွဲ့စည်းခဲ့တဲ့အတွက် သင်ကြားရေးဌာန ခုနစ်ခုအထိ ရှိလာခဲ့ပါတယ်။ ၁၉၆၆ ခုနှစ်မှာတော့ စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)မှာ သုတေသနနဲ့ စီမံခန့်ခွဲမှုပညာဌာနကို ဖွင့်လှစ်နိုင်ခဲ့ပြီး နိုင်ငံ့အကျိုးပြု သုတေသနလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ တက္ကသိုလ်များပြင်ဆင်တဲ့ ဖွဲ့စည်းပုံအသစ်အရ ပင်မဌာနများအဖြစ် အသုံးချဘောဂဗေဒဌာန၊ ယခင်သုတေသနနဲ့ စီမံခန့်ခွဲမှုဌာနကို စီမံခန့်ခွဲမှုပညာဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ၂၀၂၀ ခုနှစ်မှာ အသုံးချစာရင်းအင်းပညာဌာနတို့ကို တိုးချဲ့ဖွဲ့စည်းခဲ့တဲ့အတွက် သင်ကြားရေးဌာန စုစုပေါင်း ၁၀ ခုအထိ ရှိလာခဲ့ပါတယ်။

ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်ရွယ်ပြီး ၁၉၉၈ ခုနှစ် နောက်ပိုင်းမှာ မုံရွာစီးပွားရေးတက္ကသိုလ်နဲ့ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တို့ကို ဖွင့်လှစ်ခဲ့ပါတယ်။ ဒီလို စီးပွားရေးတက္ကသိုလ် သုံးခု ရှိလာတဲ့အတွက် မူလစီးပွားရေးတက္ကသိုလ်ကို ရန်ကုန်စီးပွားရေးတက္ကသိုလ်ဆိုပြီး ပြောင်းလဲခေါ်ဝေါ်ခဲ့ပါတယ်။

၂၀၀၀ ပြည့်နှစ်မှာတော့ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီးနယ်မြေ)ကို စတင်ဖွင့်လှစ်ခဲ့ပြီး ကမာရွတ်၊ လှိုင်နဲ့ ရွာသာကြီးဆိုတဲ့ တက္ကသိုလ်နယ်မြေ သုံးခု ရှိလာခဲ့တာကိုလည်း တွေ့ရပါတယ်။ အဲဒီနယ်မြေတွေမှာ ဘွဲ့ကြိုသင်တန်း၊ ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်သင်တန်း၊ မဟာဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်း၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းတွေကို ဖွင့်လှစ်သင်ကြား ပို့ချပေးလျက်ရှိပါတယ်။ စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ)၊ ဝါဏိဇ္ဇဗေဒဘွဲ့၊ စီးပွားရေးပညာဘွဲ့(စာရင်းအင်းပညာ)၊ မဟာစီးပွားရေးပညာဘွဲ့(ဘောဂဗေဒ)၊ မဟာဝါဏိဇ္ဇဗေဒဘွဲ့၊ မဟာစီးပွားရေးပညာဘွဲ့ (စာရင်းအင်းပညာ)နဲ့ စီမံအုပ်ချုပ်မှုပညာဘွဲ့လွန်ဒီပလိုမာ(Diploma in Management and Administration–DMA)ကို ၁၉၆၄ ခုနှစ် မတိုင်မီကတည်းက ပေးအပ်ခဲ့တာဖြစ်ပြီး ပါရဂူဘွဲ့(Ph.D) သင်တန်းကို ၁၉၉၈-၉၉ ပညာသင်နှစ်ကစပြီး ဖွင့်လှစ်ပေးလျက်ရှိပါတယ်။

ဒ့ါအပြင် နိုင်ငံတော်မှာ ကျင့်သုံးနေတဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့ လိုက်လျောညီထွေစွာဖြစ်စေဖို့ ၂၀၀၁ ခုနှစ်မှာ စာရင်းကိုင်ပညာဘွဲ့၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု ပညာဘွဲ့၊ ဖွံ့ဖြိုးမှုပညာဘွဲ့၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာဘွဲ့၊ လူဦးရေပညာဘွဲ့သင်တန်းတွေနဲ့ ၂၀၀၃ ခုနှစ်မှာ စာရင်းကိုင်ပညာမဟာဘွဲ့၊ ၂၀၀၄ ခုနှစ်မှာ လူဦးရေပညာမဟာဘွဲ့သင်တန်းတွေကို ဖွင့်လှစ်နိုင်ခဲ့တာကို တွေ့ရပါတယ်။

နိုင်ငံတော်ရဲ့ စီးပွားရေးရည်မှန်းချက်များနဲ့ ဈေးကွက်လိုအပ်ချက်များကို အကောင်အထည်ဖော်ဖြည့်ဆည်းပေးနိုင်ဖို့ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု အစီအစဉ်နဲ့ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(MBA) သင်တန်းကို ၁၉၉၅ ခုနှစ်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ ယခုအခါ MBA ဘွဲ့ရ ၂၉၂၀ ကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။

> **❛ ကျွန်တော်တို့အစိုးရအနေနဲ့ ချမှတ်ထားတဲ့ စီးပွားရေးဦးတည်ချက်များနဲ့အညီ နိုင်ငံတော်ရဲ့စီးပွားရေးမောင်းနှင်အား တိုးတက်လာစေဖို့ရည်ရွယ်ပြီး MSME လုပ်ငန်းများမှတစ်ဆင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်နိုင်ဖို့အတွက် ပညာတတ်လူသားအရင်းအမြစ်များ လိုအပ်တာကြောင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ ရန်ကုန်စီးပွားရေးတက္ကသိုလ်က ဦးဆောင်ပြီး ဝိဇ္ဇာ / သိပ္ပံ တက္ကသိုလ် ၃၉ ခုမှာ B.A (Economics)ဘွဲ့သင်တန်းများကို စတင်ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပါတယ်။ အနာဂတ်ကာလမှာ B.A (Economics) ဘွဲ့ရတွေအနေနဲ့ တတ်သိထားတဲ့ စီးပွားရေးအသိအမြင်၊ အတွေးအမြင်တွေကို အသုံးချပြီး မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်မှုနဲ့ လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှုတို့ကို ဆောင်ရွက်လာနိုင်တော့မှာဖြစ် ❜**

ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ မဟာဘွဲ့(MPA)သင်တန်းကို ၂၀၀၀ ပြည့်နှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး MPA ဘွဲ့ရရှိသူပေါင်း ၁၆၃၁ ဦး၊ ဖွံ့ဖြိုးရေးပညာမဟာဘွဲ့(MDevS)သင်တန်းကို ၂၀၀၂ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး MDevS ဘွဲ့ရရှိသူပေါင်း ၉၂၄ ဦး၊ မြန်မာနိုင်ငံရဲ့ ဘဏ်လုပ်ငန်းနဲ့ ဘဏ္ဍာရေးကဏ္ဍစနစ်တကျဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်ပြီး ဘဏ်လုပ်ငန်းနဲ့ ဘဏ္ဍာရေးပညာမဟာဘွဲ့(MBF) သင်တန်းကို ၂၀၁၂ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး MBF ဘွဲ့ရရှိသူပေါင်း ၆၃၇ ဦးကို မွေးထုတ်ပေးခဲ့တာကို သိရပါတယ်။

၂၀၁၇ ခုနှစ် နောက်ပိုင်းကစပြီး အသုံးချစာရင်းအင်းပညာမဟာဘွဲ့၊ ဈေးကွက်စီမံခန့်ခွဲမှုမဟာဘွဲ့၊ ဧည့်ဝတ်နဲ့ ခရီးသွားလာရေးစီမံခန့်ခွဲမှုမဟာဘွဲ့၊ လူမှုစီးပွားတည်တံ့ရေး တီထွင်ဖန်တီးမှုပညာမဟာဘွဲ့နဲ့ အာမခံလုပ်ငန်းဆိုင်ရာ မဟာဘွဲ့၊ အာမခံသိပ္ပံဘွဲ့ စတဲ့ ဘွဲ့သင်တန်းအသီးသီးတို့ကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့တာကို တွေ့ရပါတယ်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်နဲ့ ၁၉၉၈ ခုနှစ်ကစတင်ပြီး တက္ကသိုလ်ဘွဲ့ရတွေအတွက် ဖွံ့ဖြိုးရေးပညာဒီပလိုမာ(Diploma in Development Studies–Dip DS)၊ ဈေးကွက်ဆိုင်ရာစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ (Postgraduate Diploma in Marketing Management – PGDMM)၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ(Postgraduate Diploma in Human Resource Management – PGDHRM)၊ သုတေသနပညာ ဘွဲ့လွန်ဒီပလိုမာ(Postgraduate Diploma in Research Studies– PGDRS) သင်တန်းတွေကိုလည်း ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့တာကို တွေ့ရှိရပါတယ်။

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူတွေအတွက် စီးပွားရေးအသိအမြင်တွေ ရရှိတိုးပွားစေဖို့ ရည်ရွယ်ပြီး လုပ်ငန်းသုံးစီးပွားရေးပညာ (Certificate in Business Studies–CBS)နဲ့ လုပ်ငန်းသုံးအဆင့်မြင့်စီးပွားရေးပညာ (Certificate in Advanced Business Studies–CABS) လက်မှတ်ရသင်တန်းတွေကိုလည်း ဖွင့်လှစ်ပေးခဲ့ပါတယ်။ အဲဒီသင်တန်း အောင်မြင်ပြီးမြောက်သူများအနေနဲ့ ဆက်လက်လေ့လာသင်ယူနိုင်ဖို့ လုပ်ငန်းသုံးစီးပွားရေးပညာဒီပလိုမာဘွဲ့(Diploma in Business Studies–DBS)ကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာ ၂၀၁၉ ခုနှစ်ကစပြီး One Campus, Two Systems အဖြစ် အဝေးသင်ဘွဲ့များ အပ်နှင်းနိုင်ဖို့ စီးပွားရေးပညာအထူးပြု(Economics)နဲ့ စီးပွားရေးစီမံခန့်ခွဲမှုအထူးပြု(Business Management) သင်တန်းတွေကို ဖွင့်လှစ်ပို့ချပေးခဲ့ပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တဲ့ စီးပွားရေးပညာတွေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဖြန့်ဖြူးပေးနိုင်ဖို့လိုပါတယ်။ ဒ့ါကြောင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်က ပညာရှင်တွေအနေနဲ့ ယခင်လုပ်သားများကောလိပ်၊ အဝေးသင်တက္ကသိုလ်နဲ့ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၊ စီမံကိန်းဦးစီးဌာန၊ စာရင်းစစ်ချုပ်ရုံး၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၊ ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တို့မှာဖွင့်လှစ်တဲ့ သင်တန်းတွေမှာ ဘာသာရပ်ဆိုင်ရာများ ပို့ချဆွေးနွေးပေးခြင်းတို့အပြင် ကျမ်းကြီးကြပ်ခြင်းနှင့် ကျမ်းစစ်ဆေးခြင်းတို့မှာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ ချမှတ်ထားတဲ့ စီးပွားရေးဦးတည်ချက်များနဲ့အညီ နိုင်ငံတော်ရဲ့ စီးပွားရေးမောင်းနှင်အား တိုးတက်လာစေဖို့ ရည်ရွယ်ပြီး MSME လုပ်ငန်းများမှတစ်ဆင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ပညာတတ်လူသားအရင်းအမြစ်များ လိုအပ်တာကြောင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ ရန်ကုန်စီးပွားရေးတက္ကသိုလ်က ဦးဆောင်ပြီး ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ် ၃၉ ခုမှာ B.A (Economics)ဘွဲ့သင်တန်းများကို စတင်ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပါတယ်။ အနာဂတ်ကာလမှာ B.A (Economics)ဘွဲ့ရတွေအနေနဲ့ တတ်သိထားတဲ့ စီးပွားရေးအသိအမြင်၊ အတွေးအမြင်တွေကို အသုံးချပြီး မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်မှုနဲ့ လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှုတို့ကို ဆောင်ရွက်လာနိုင်တော့မှာဖြစ်ပါတယ်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်ရဲ့ ၁၉၆၄ ခုနှစ်ကနေ ၂၀၂၄ ခုနှစ် အထိ နှစ်(၆၀)ခရီးကာလအတွင်းမှာ ပါရဂူဘွဲ့ရရှိသူ ၁၁၀၊ မဟာဘွဲ့ရရှိသူ ၇၅၈၇ ဦး၊ ရိုးရိုးဘွဲ့ရရှိသူ ၆၁၈၅၀၊ ဂုဏ်ထူးဘွဲ့ရရှိသူ ၁၂၁၇ ဦး၊ ဘွဲ့လွန်ဒီပလိုမာရရှိသူ ၇၇၀၈ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့တာ တွေ့ရပါတယ်။ လက်ရှိအချိန်မှာလည်း တက္ကသိုလ်အသီးသီးရဲ့ ပုံမှန်သင်တန်းတွေမှာ ကျောင်းသား ကျောင်းသူ ၄၃၅၉ ဦးနဲ့ အဝေးသင်ကျောင်းသား ကျောင်းသူ ၄၆၁၈ ဦး တက်ရောက်ပညာဆည်းပူးလျက်ရှိတာကို သိရှိရပါတယ်။

စီးပွားရေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်တဲ့ MBA ဘွဲ့ရများအနေနဲ့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းနယ်ပယ်အသီးသီးမှာ ကျွမ်းကျင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ စီမံခန့်ခွဲမှုပိုင်းတွင် အဆင့်မြင့် အရာထမ်းတွေအဖြစ် လုပ်ကိုင်နေကြပြီဖြစ်ပါတယ်။ MDevS ဘွဲ့ရများအနေနဲ့ အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနဲ့ NGO/INGO အဖွဲ့အစည်းတွေမှာ အောင်မြင်စွာ လုပ်ကိုင်နေကြပါတယ်။ MBF ဘွဲ့ရတွေအနေနဲ့လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အစိုးရနဲ့ ပုဂ္ဂလိကဘဏ်များ၊ ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများမှာ ကျွမ်းကျင်ပညာရှင်၊ စီမံခန့်ခွဲသူတွေအနေနဲ့ အဆင့်မြင့်ရာထူးတွေမှာ တာဝန်ယူနေကြတာကို တွေ့ရှိရပါတယ်။

ဒီလို စီးပွားရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသားကျောင်းသူတွေဟာ တိုင်းပြည်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းရည်ပြည့်ဝတဲ့ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များအဖြစ် ကဏ္ဍပေါင်းစုံမှာ ပါဝင်ဆောင်ရွက်အကျိုးပြုနေကြတာကို တွေ့ရှိရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ပြောကြားလိုပါတယ်။

အလားတူ ရန်ကုန်စီးပွားရေးတက္ကသိုလ်ဘွဲ့ရများဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးမှာ ထင်ရှားကျော်ကြားသူများအဖြစ် ပါဝင်နေတာကိုလည်း တွေ့ရပါတယ်။ စီးပွားရေးတက္ကသိုလ် ဘွဲ့ရရှိသူတွေထဲမှာ နိုင်ငံတော်သမ္မတကစပြီး ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်များ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ အကြံပေးပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များနဲ့ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များစတဲ့ နိုင်ငံတော်ရဲ့ အဆင့်မြင့်တာဝန်အသီးသီးကို ထမ်းဆောင်နေကြတာ ဂုဏ်ယူဖွယ် တွေ့မြင်ရပါတယ်။

ယခုလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍကနေ တစ်တပ်တစ်အားပါဝင်နေတဲ့ ရန်ကုန်စီးပွားရေးတက္ကသိုလ်ကြီးရဲ့ နှစ်(၆၀) ပြည့် အခမ်းအနားကို ဂုဏ်ပြုတဲ့အနေနဲ့ ရန်ကုန်စီးပွားရေးတက္ကသိုလ် ဖြစ်ပေါ်တိုးတက်မှု သမိုင်းမှတ်တမ်းဓာတ်ပုံပြပွဲများ၊ သုတေသနစာတမ်းဖတ်ပွဲများ၊ သုတေသနပိုစတာပြပွဲများကို ခင်းကျင်းပြသသွားမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ခေတ်အဆက်ဆက်သင်ကြားပေးခဲ့ကြတဲ့ ဆရာကြီးဆရာမကြီးများအတွက် မြတ်ဆရာပူဇော်ပွဲကို ကျင်းပပေးပြီး အထိမ်းအမှတ်အခမ်းအနားကို ကျယ်ကျယ်ပြန့်ပြန့် ခမ်းခမ်းနားနား ဆောင်ရွက်မှာဖြစ်ကြောင်း သိရှိရပါတယ်။

သက်တမ်း နှစ်(၆၀)ပြည့်ခဲ့ပြီဖြစ်တဲ့ ရန်ကုန်စီးပွားရေးတက္ကသိုလ်ကြီးအနေနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးနဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘက်စုံထူးချွန်တဲ့ လူတော်လူကောင်းများ ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း မိမိတို့ရဲ့ပညာရပ်ကို တန်ဖိုးထားဂုဏ်ယူတတ်တဲ့ ပညာတတ်မျိုးဆက်သစ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်တဲ့ တက္ကသိုလ်ကြီးအဖြစ် နှစ်(၆၀)ပြည့်မှစပြီး ထာဝရ ဆက်လက်အရွှန်းရှည်တည်တံ့ခိုင်မြဲပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒေါက်တာညွန့်ဖေ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်တင်ထွေးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်စီးပွားရေး တက္ကသိုလ်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဗီဒီယို မိန့်ခွန်းပေးပို့၍ အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ပညာရှင် ဆရာကြီး ဆရာမကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ် များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ စီးပွားရေးတက္ကသိုလ် ဘွဲ့ရကျောင်းသား ကျောင်းသူ ဟောင်းများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒေါက်တာ ညွန့်ဖေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယ ဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ရန်ကုန်စီးပွားရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်တင် ထွေးတို့က အခမ်းအနားကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရန်ကုန် စီးပွားရေးတက္ကသိုလ် နှစ်(၆၀) ပြည့် ဗီဒီယိုမိန့်ခွန်းကို ပြသသည်။ **(နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင် လှိုင်၏ မိန့်ခွန်းအပြည့်အစုံကို ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)**

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် ပညာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ဝမ်းမြောက် စကားပြောကြားပြီး ရန်ကုန်စီးပွား ရေးတက္ကသိုလ် ၁၉၈၄ ခုနှစ် ဘွဲ့ရ ကျောင်းသား ကျောင်းသူများက ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ် (၆၀) ပြည့် တေးသီချင်းဖြင့်လည်း ကောင်း၊ ရန်ကုန်စီးပွားရေး တက္ကသိုလ် ကျောင်းသား ကျောင်း သူများက လောကအားမာန် တေးသီချင်း သရုပ်ဖော်ဖြင့် လည်း ကောင်း ဖျော်ဖြေတင်ဆက် ကြသည်။

ဆက်လက်၍ ရန်ကုန်စီးပွားရေး တက္ကသိုလ် နှစ် (၆၀) ခရီးမှတ်တိုင် Documentary Video ကို ပြသပြီး ရန်ကုန်စီးပွားရေး တက္ကသိုလ် ကျောင်းသူများက အလှကမ္ဘာ သီချင်းဖြင့် ကပြဖျော်ဖြေတင် ဆက်ကြကာ ရန်ကုန်စီးပွားရေး တက္ကသိုလ် ပါမောက္ခချုပ်က ကြွရောက်လာသော ဧည့်သည် တော်များအား အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်စီးပွားရေး တက္ကသိုလ် နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဖြစ်မြောက်ရေးအတွက် ကူညီ ပံ့ပိုးပေးသော လုပ်ငန်းရှင်များကို ဂုဏ်ပြုလက်ဆောင်များပေးအပ် ချီးမြှင့်ပြီး ရန်ကုန်စီးပွားရေး တက္ကသိုလ် ပါမောက္ခချုပ်က ကျေးဇူးတင်စကား ပြောကြား သည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများ သည် ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ် (၆၀) ပြည့် အမှတ်တရဓာတ်ပုံ ပြပွဲကို လှည့်လည်ကြည့်ရှုခဲ့ကြ ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒေါက်တာညွန့်ဖေ၊ တာဝန်ရှိသူများ ရန်ကုန်စီးပွားရေး တက္ကသိုလ် နှစ်(၆၀)ပြည့် အမှတ်တရဓာတ်ပုံပြပွဲကို လှည့်လည်ကြည့်ရှုစဉ်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးသော လုပ်ငန်းရှင်တစ်ဦးအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။



## မရမ်းကုန်းမြို့နယ် မသန်စွမ်းကလေးများပြုစုစောင့်ရှောက်ရေးဂေဟာသို့ အလှူငွေနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် မိသားစု များနှင့် အမျိုးသမီးကော်မတီဝင် အလှူရှင်များ စုပေါင်း၍ လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းကလေး များ ပြုစုစောင့်ရှောက်ရေးဂေဟာသို့ အလှူငွေနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် မသန်စွမ်းကလေး များပြုစုစောင့်ရှောက်ရေးဂေဟာ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၏ ဇနီးများ၊ တိုင်းဒေသ ကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် တာဝန်ရှိသူ များသည် အလှူငွေကျပ် သိန်း ၅၀ နှင့် တစ်ကိုယ် ရေသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါလှူဒါန်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးမိခင် နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် များ၊ ခရိုင်/မြို့နယ်မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုဝန်ထမ်း ဦးစီးဌာနဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မသန်စွမ်း ကလေးများပြုစုစောင့်ရှောက်ရေးဂေဟာ ကျောင်း အုပ်ကြီးနှင့် တာဝန်ရှိသူများ၊ အမျိုးသမီးကော်မတီဝင် အလှူရှင်များနှင့် ဧည့်သည်တော်များ တက်ရောက် ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁၃

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်ကြသည်။

ဦးစွာ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A)ရုံ၌ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်က အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊

စာမျက်နှာ ၆ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။

✪ စာမျက်နှာ ၅ မှ

ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက အမျိုးသား လေးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ အမျိုးသား မီတာ ၅၀ x ၄ လွှန်းပျံလေးမျိုးကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ အမျိုးသမီး မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်း ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းမှပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံ၌ကျင်းပရာ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက အမျိုးသား (-၈၁) ကီလိုတန်း ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ကချင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းက အမျိုးသား (-၉၀) ကီလိုတန်း ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီ တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးထိန်လင်းက အမျိုးသား(-၁၀၀) ကီလိုတန်း ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိကြသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေးက အမျိုးသား(+၁၀၀) ကီလိုတန်း ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်ဦးက အမျိုးသမီး(-၆၃) ကီလိုတန်း ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်၊ပူးတွဲတတိယဆုရရှိကြသည့် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အမျိုးသမီး(-၇၀)ကီလိုတန်းဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များ အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမျိုးသမီး (-၇၈) ကီလိုတန်း ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမျိုးသမီး(+၇၈)ကီလိုတန်းဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ပူးတွဲ တတိယဆုရရှိကြသည့် ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အသင်းလိုက် ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြု ဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အမျိုးသမီး မီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမျိုးသား မီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ် အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အမျိုးသမီး မီတာ ၂၀၀ တစ်ဦးချင်းလေးမျိုးကူး ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ကချင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းက အမျိုးသား မီတာ ၂၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ရန်ကုန် တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူး တိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးကိုကိုကျော်က အမျိုးသမီးမီတာ ၁၀၀ ရင်ပေါ်တန်းကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသားမီတာ ၁၀၀ ရင်ပေါ်တန်းကူးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက အမျိုးသမီး မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် ပထမဆုရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ပူးတွဲတတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသား မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိကြသည့် ဧရာဝတီတိုင်း ဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက အမျိုးသမီး မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသား မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အမျိုးသမီး မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသား မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အမျိုးသမီး မီတာ ၅၀ x ၄ လွှန်းပျံလေးမျိုးကူး ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသား မီတာ ၅၀x၄ လွှန်းပျံလေး မျိုးကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အမှုဆောင် မြန်မာ့လက်ရွေးစင် ကစားသမားဟောင်းဒေါ်မာမာမင်းက အမျိုးသားမီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အမှုဆောင် မြန်မာ့လက်ရွေးစင်ကစားသမားဟောင်း ဦးဘုန်းမြင့်က အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့်

စာမျက်နှာ ၇ သို့ ✪



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများကို လာရောက်ကြည့်ရှုအားပေးကြသည့် ပရိသတ်များကိုတွေ့ရစဉ်။

✪ စာမျက်နှာ ၆ မှ

ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးနေလင်းအောင်က အမျိုးသမီး လှံတံပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ တနင်္သာရီ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က အမျိုးသားမီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်းတစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက အမျိုးသားမီတာ၄၀၀ လက်ဆင့်ကမ်း ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကျန်ရှိသည့် ပြေးခုန်ပစ် အားကစားပြိုင်ပွဲများကိုသတ်မှတ်ထားသည့်အားကစားနည်းများအလိုက် ကျင်းပ၍ ဆုရရှိသည့်ပြည်နယ်နှင့် တိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်များအား ဆုများပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ထူးအောင်က အမျိုးသား လှံတံပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အောင်နိုင်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လှိုင်က အမျိုးသားမာရသွန် အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက အမျိုးသမီးမာရသွန်အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က အမျိုးသမီးအလျားခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အမျိုးသမီးသံလုံးပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အမျိုးသားမီတာ ၁၀၀၀၀ ပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကျန်ရှိသည့် ပြေးခုန်ပစ် အားကစားပြိုင်ပွဲများကို သတ်မှတ်ထားသည့်အားကစားနည်းများအလိုက် ကျင်းပ၍ ဆုရရှိသည့် ဝန်ကြီးဌာနကိုယ်စားပြု ပြိုင်ပွဲဝင်များအား ဆုများပေးအပ်ချီးမြှင့်ရာ ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးချုပ် ခင်မောင်အေးက အမျိုးသမီးမီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးဝဏ္ဏဇော်က အမျိုးသား မီတာ ၁၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းဖေက အမျိုးသမီးမီတာ ၁၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက အမျိုးသား အလျားခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရွှေကြာပင်အားကစားကွင်း၌ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်က အမျိုးသား (၅၅-၆၀ ကီလိုတန်း) ဗိုဗီနမ်အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသမီး (၅၀-၅၅ ကီလိုတန်း) ဗိုဗီနမ်အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ပူးတွဲတတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးရဲနိုင်က အမျိုးသားနှစ်ယောက်တွဲ ဓားအတိုက်အပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသား လက်သိုင်းအပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းသူက အမျိုးသားတုတ်ရှည်အပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသမီးလက်သိုင်းအပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက အမျိုးသမီးနှစ်ယောက်တွဲဓားရှည်အပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသား (၆၀ - ၆၅ ကီလိုတန်း)ဗိုဗီနမ်အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် ပူးတွဲ တတိယဆုရရှိကြသည့် ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

**သတင်းစဉ်**

# ဇေယျာသီရိခရိုင်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ





**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပြည်ထောင်စုနယ်မြေ ဇေယျာသီရိခရိုင်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ပုဗ္ဗသီရိမြို့နယ်ရှိ အဆိုပါရုံးနေရာ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဒုတိယမြို့တော်ဝန်၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တိုင်းဒေသကြီး တရားရေးဦးစီးမှူးတို့ တက်ရောက်ကြသည်။

**ကြည့်ရှုစစ်ဆေး**

အဆောက်အအုံသစ်ကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထိန်လင်းဦးနှင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက ဇေယျာသီရိခရိုင် တရားရုံးအဆောက်အအုံသစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဒုတိယမြို့တော်ဝန်နှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး အဆောက်အအုံသစ် အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ဇေယျာသီရိခရိုင်တရားရုံး အဆောက်အအုံသစ် ဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့မာန်ဟုန်ကုမ္ပဏီလီမိတက်၏ မန်နေဂျင်း ဒါရိုက်တာ ဦးမြတ်ကိုက အဆောက်အအုံသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ရုံးအဆောက်အအုံသစ်တည်ဆောက်မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဇေယျာသီရိခရိုင်တရားရုံးအဆောက်အအုံသစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ဖွဲ့မာန်ဟုန် ကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးမြတ်ကိုက ဇေယျာသီရိခရိုင်တရားသူကြီးထံသို့ လွှဲပြောင်းပေးအပ်ပြီး ဇေယျာသီရိခရိုင်တရားသူကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

ဇေယျာသီရိခရိုင်တရားရုံးသည် ပုဗ္ဗသီရိမြို့နယ် ချင်းတွင်းလမ်းပေါ်တွင်တည်ရှိပြီး အလျား ပေ ၂၀၀၊ အနံပေ ၁၄၀ အကျယ်အဝန်းရှိသည့် သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ဘဏ္ဍာရန်ပုံငွေ ကျပ် ၃၆၇၅ သန်းဖြင့် ဖွဲ့မာန်ဟုန်ကုမ္ပဏီလီမိတက်က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဌေးလှိုင် ဝန်ကြီးဌာန၏ ဥပဒေအသိပညာ ပြန့်ပွားရေးဆွေးနွေးပွဲသို့ တက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၁၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဥပဒေအသိပညာပြန့်ပွားရေး ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဥပဒေရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအကြံပေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဆန်းလင်းက ဥပဒေ၏အခြေခံသဘောတရား၊ ဥပဒေအရင်းအမြစ်များနှင့် ဥပဒေပြုခြင်း၊ ဥပဒေအမျိုးအစားခွဲခြားခြင်း၊ ခေတ်အဆက်ဆက် မြန်မာနိုင်ငံ၏ ဥပဒေသမိုင်း၊ ဥပဒေရေးရာဝန်ကြီးဌာန၏ဖွဲ့စည်းမှုအကြောင်းကိုလည်းကောင်း၊ တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးလှိုင်က ရာဇဝတ်မှုများနှင့်စပ်လျဉ်း၍ ရာဇဝတ်မှုများတွင် ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း၊ တိုင်တန်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊ ရာဇသတ်ကြီးပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းနှင့် အထူးဥပဒေများပါ ပြစ်မှုပြစ်ဒဏ်များအကြောင်း သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးဟောပြောကြပြီး ဝန်ထမ်းများက ဥပဒေများနှင့်ပတ်သက်၍ သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြရာ ဥပဒေပညာရှင်များက ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဌေးလှိုင်က မိမိတို့ဝန်ကြီးဌာနသည် ဌာနမှ ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူကို ဝန်ဆောင်မှုပေးရသော ဌာနတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများအနေဖြင့် ယင်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ကျွမ်းကျင်ပိုင်နိုင်ကြရန် လိုအပ်သည့်အပြင် နိုင်ငံတော်က ပေးအပ်သည့် အခြားသောလုပ်ငန်းတာဝန်များကိုလည်း ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ကာ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်က ထုတ်ပြန်ပြဋ္ဌာန်းထားသည့်ဥပဒေများကို သိရှိနားလည်ကာ လုပ်ငန်းများဆောင်ရွက်ရာ၌ ဥပဒေဘောင်အတွင်းမှ အဂတိတရားကင်းရှင်းစွာ စနစ်တကျ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို ဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် ရည်မှန်းချက်တာဝန်များကို ဌာန၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး သီးခြားပေးအပ်သည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်တတ်စေရန်နှင့် ဥပဒေဆိုင်ရာ အသိပညာများ တိုးပွားစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် မော်လမြိုင်အချုပ်ထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဒီဇင်ဘာ ၁၃**

မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးညီညီစိုးသည် ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဒေါက်တာအောင်သီဟ၊ ပြည်နယ်တရားရေးဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ မော်လမြိုင်ခရိုင်နှင့် မြို့နယ်တရားသူကြီးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်အချုပ်ထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်အဖွဲ့သည် အကျဉ်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးဇော်မျိုးအောင်၊ အချုပ်ထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်တို့နှင့်အတူ အချုပ်ခံရသူနှင့် အကျဉ်းကျခံရသူများ၏ အမျိုးသား၊ အမျိုးသမီးဆောင်များ၊ စားဖိုဆောင်၊ အချုပ်ထောင်ဆေးရုံ၊ အချုပ်ထောင် ရေသန့်စက်ရုံနှင့် ထောင်တွင်းစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေး ဆပ်ကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဆပ်ကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့များမှဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများက (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက်ရယူရမည့်အချက်များ၊ ဆပ်ကော်မတီအတွင်း ညှိနှိုင်းဆောင်ရွက်ရန်ရှိသည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံ ဟွိုင်အန်းမြို့၌ ကျင်းပသည့် ပထမအကြိမ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ခရီးသွားလုပ်ငန်းညီလာခံ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism) နှင့် ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ ပထမအကြိမ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ခရီးသွားလုပ်ငန်းညီလာခံကို ဗီယက်နမ်နိုင်ငံ ဟွိုင်အန်းမြို့၌ ဒီဇင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့ရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ညီလာခံသို့ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ဝင်နိုင်ငံများမှကိုယ်စားလှယ်များ၊ ပစိဖိတ်-အာရှ ခရီးသွားလုပ်ငန်းအဖွဲ့၊ မဲခေါင်ခရီးသွားညှိနှိုင်းရေးရုံး၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် Fliggy၊ Intrepid၊ Japan Travel Bureau၊ Meta၊ Traveloka အစရှိသည့် ခရီးသွားကုမ္ပဏီများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ရုပ်သံမီဒီယာများမှ ကိုယ်စားလှယ်များ စသည့်နိုင်ငံပေါင်း ၅၀ ကျော်မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ပထမအကြိမ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ခရီးသွားလုပ်ငန်းညီလာခံကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် ခရီးသွားလုပ်ငန်း၏ အရေးပါမှုများကို အလေးထားဆွေးနွေးရန်နှင့် နိုင်ငံအဆင့်၊ ဒေသတွင်းအစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အတူတကွပူးပေါင်းဆောင်ရွက်ကြရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက်နံနက်ပိုင်းတွင် ပထမအကြိမ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ခရီးသွားလုပ်ငန်းညီလာခံသို့ တက်ရောက်ခဲ့ကြပြီး ညီလာခံတွင် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Pham Minh Chinh၊ ဗီယက်နမ်နိုင်ငံယဉ်ကျေးမှု၊ အားကစားနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး H.E. Mr. Nguyen Van Hung၊ ဒုတိယဝန်ကြီး H.E. Mr. Ho An Phong၊ ကွမ်နမ်ပြည်နယ် ပြည်သူ့ကော်မတီ၏ Secretary H.E. Mr. Luong Nguyen Minh Triet၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ အမှုဆောင်ဒါရိုက်တာ Ms. Zoritsa Urosevic တို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြသည်။

ထို့နောက် ခရီးသွားလုပ်ငန်းမှတစ်ဆင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် မူဝါဒများချမှတ်ရေး၊ အကောင်းဆုံးခရီးသွားကျေးရွာများဖော်ဆောင်ရာတွင် ဒေသခံများ၏ ဦးဆောင်မှုအခန်းကဏ္ဍ၊ စိုက်ပျိုးရေးနှင့်ခရီးသွားလုပ်ငန်း၏ဆက်နွှယ်မှု၊ ကျေးလက်ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေရရှိနိုင်မည့်အခွင့်အလမ်းများ၊ ခရီးသွားကျေးရွာများဖော်ဆောင်ရာတွင် လူငယ်များ၏အခန်းကဏ္ဍ၊ စစ်မှန်သည့်ခရီးသွားအတွေ့အကြုံကောင်းများဖန်တီးပေးနိုင်မှု၊ ကျေးလက်ခရီးသွားလုပ်ငန်းတွင် ဒစ်ဂျစ်တယ်၏အခန်းကဏ္ဍ အစရှိသည့်ခေါင်းစဉ်များဖြင့် စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညပိုင်းတွင် ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက တည်ခင်းဧည့်ခံသည့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ဒီဇင်ဘာ ၁၁ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၂၀၂၄ ခုနှစ်အတွက် အကောင်းဆုံးခရီးသွားကျေးရွာအဖြစ် ရွေးချယ်ခြင်းခံရသည့် Tra Que စိုက်ပျိုးရေးကျေးရွာ၊ အိုးလုပ်ငန်းများဆောင်ရွက်သည့် Thanh Ha ကျေးရွာနှင့် ဟွိုင်အန်းရှေးဟောင်းမြို့များသို့ သွားရောက်၍ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ်သတ်မှတ်ထားသည့် ဟွိုင်အန်းဟင်းလျာများ ချက်ပြုတ်နိုင်ရန်အတွက် ဆောင်ရွက်ထားရှိမှု၊ နှစ်ပေါင်း ၅၀၀ ကျော်သက်တမ်းရှိ ရှေးဟောင်းရိုးရာအိုးလုပ်ငန်းများနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဟွိုင်အန်းမြို့ဟောင်းရှိ အနောက်တိုင်းနှင့် အရှေ့တိုင်းယဉ်ကျေးမှု အဆောက်အအုံများ၊ ဗိသုကာလက်ရာများ၊ နှစ်ပေါင်း ၄၀၀ ကျော် သက်တမ်းရှိ Cau ဘုရား၊ စဥ့်ထည်ပြတိုက်နှင့် လက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် ဗီယက်နမ်နိုင်ငံမှ ပြန်လည်ထွက်ခွာရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးမြင့်စိုး ဓနုဖြူနှင့် လေးမျက်နှာမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် သိန်း ၂၄၀၀ ဖြင့် သမဝါယမဦးစီးဌာနက ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ လူမှုစီးပွားမြှင့်တင်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့်အတူ အဆိုပါစီမံကိန်းတွင် ပါဝင်သော ဓနုဖြူမြို့နယ် ထီကွေ့ကျေးရွာ ငွေတိုးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း၏ ဝက်မွေးမြူရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးသမဝါယမအသင်းသားများ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များ တင်ပြမှုအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဓနုဖြူမြို့နယ် ငါးဘတ်အိုင် ခေတ်မီစံပြကျေးရွာ (Smart Village) သို့ သွားရောက် ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခေတ်မီစံပြကျေးရွာ ထူထောင်ရေး ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် ကျေးရွာဘက်စုံသုံးခန်းမဖွင့်ပွဲသို့ တက်ရောက်ကာ အခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီးကျေးရွာသူကျေးရွာသားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံကာ ကျေးရွာတွင်းလမ်းများနှင့် ကျေးရွာရေပေးရေးစနစ်



ဆောင်ရွက်ပေးထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် လေးမျက်နှာမြို့ ဒက္ခိဏာရုံကျောင်းတိုက်သို့သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကန်တော့ကာ ပရဟိတကို တည်ထောင်ခဲ့သော ဆရာတော်ကြီးများ၏ မွေးနေ့အထိမ်းအမှတ် အလှူနှင့် လေးမျက်နှာမြို့ အထက၊ အလကကျောင်းများ၏ မြတ်ဆရာပူဇော်ပွဲ၊ လှော်ကထား အခြေခံပညာအထက်တန်းကျောင်း မြတ်ဆရာပူဇော်ပွဲတို့အတွက် အလှူငွေများ လှူဒါန်းကာ လေးမျက်နှာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရုံးသစ်တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသော ခတ္တာကြိုးတံတား ၁၆၅ ပေ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး အနော်ရထာမင်းကြီး တည်ထားခဲ့သော သမိုင်းဝင်စတုမုခထူပါရုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကန်တော့ကာ ငဝန်မြစ်ကမ်းထိန်းရေလွှဲရေကာသုံးခု တည်ဆောက်နေမှုနှင့် Bored Pile အခြေပြု RCC Mid Wall တည်ဆောက်နေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တူရိုးကွန်ကရစ်တံတား ပေ ၈၀ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကတက်ကုန်းကျေးရွာသို့ သွားရောက်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင် (ဆီထွက်သီးနှံ) စိုက်ပျိုးနေသောတောင်သူများနှင့် တွေ့ဆုံ၍ ဆီထွက်သီးနှံနေကြာစိုက်တောင်သူများအတွက် သဘာဝမြေဩဇာများ ပေးအပ်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာမှ ရယူခဲ့သော တစ်ဧက တင်း ၁၀၀ ကျော် ထွက်ရှိသည့် မြေပဲမျိုးဖြင့် ကတက်ကုန်းကျေးရွာမှ တောင်သူ ဦးအုန်းမြင့် စမ်းသပ်စိုက်ပျိုးနေသော စိုက်ခင်းသို့ သွားရောက်အားပေးကြည့်ရှုပြီး ဗောဓိကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဆီထွက်သီးနှံနေကြာနှင့် မြေပဲတို့ကို တိုးချဲ့စိုက်ပျိုးရန် မှာကြားပြီး အလှူရှင် ဦးကျော်ဝင်းနိုင် လှူဒါန်းသော သိမ်းငှက်တံဆိပ် သဘာဝမြေဩဇာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ကြမည့် တိုင်းရင်းသား တိုင်းရင်းသူများနှင့် ကျောင်းသူများ၏ ကြိုတင်လေ့ကျင့်နေမှု ကြည့်ရှုအားပေး



နေပြည်တော် ဒီဇင်ဘာ ၁၃

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ ညနေပိုင်းတွင် နေပြည်တော် တည်းခိုရေးစခန်း (ရွာတော်)၌ ပဉ္စမအကြိမ်အမျိုးသားအားကစား ပွဲတော် ပိတ်ပွဲအခမ်းအနားတွင် အကအလှများဖြင့် မြိုင်မြိုင် ဆိုင်ဆိုင် ပါဝင်ဆင်နွှဲဖျော်ဖြေ တင်ဆက်ကြမည့် တိုင်းရင်းသား တိုင်းရင်းသူများနှင့် ကျောင်းသူ များ၏ ကြိုတင်ပြင်ဆင်လေ့ကျင့် နေမှုကို ကြည့်ရှုအားပေးကြ သည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းရင်းသားရိုးရာ အကအလှများဖြင့် ဖျော်ဖြေ တင်ဆက်ကြမည့် တိုင်းဒေသကြီး နှင့် ပြည်နယ်များမှ တိုင်းရင်းသား တိုင်းရင်းသူ ၁၆၇ ဦးတို့၏လေ့ကျင့် နေမှုကိုလည်းကောင်း၊ **“ရွှေပြည် တော်သို့ တို့အတူ”** တေးသီချင်း ဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် အခြေခံပညာအထက်တန်းကျောင်း များမှကျောင်းသူ ၃၂၀ ၏ အကအလှများဖြင့် ဇာတ်တိုက် လေ့ကျင့်နေမှုကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထိုသို့ ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက ယခု ပွဲတော်ကြီးသည် မိမိတို့ နိုင်ငံ အတွက် အရေးကြီးသည့် ပွဲတော်တစ်ခုဖြစ်ပြီး ဖွင့်ပွဲအခမ်း အနားကို အောင်အောင်မြင်မြင် ခမ်းခမ်းနားနား ကျင်းပနိုင်ခဲ့ပါ ကြောင်း၊ လာမည့် ပိတ်ပွဲအခမ်း အနားကိုလည်း အားလုံး၏ စုပေါင်းပါဝင်မှုဖြင့် ခမ်းခမ်းနားနား ကျင်းပသွားမည်ဖြစ်သည့်အတွက် တိုင်းရင်းသား တိုင်းရင်းသူများနှင့် ကျောင်းသူများ အနေဖြင့် အကောင်းဆုံး ပါဝင်ဖျော်ဖြေသွား နိုင်ရန် ယခုကဲ့သို့ တက်တက်ကြွကြွ ကြိုတင် ပြင်ဆင်လေ့ကျင့်နေမှု အတွက် ကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့နိုင်ငံ၏ ကမ္ဘာ့ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင် အဖြစ် မြန်မာ့သင်္ကြန်ကို ယူနက်စကိုက အတည်ပြုသတ်မှတ် ခြင်းအတွက် ဂုဏ်ပြုသည့် ဖျော်ဖြေရေးအစီအစဉ်ကို ပိတ်ပွဲ အခမ်းအနားတွင် ထည့်သွင်း ကျင်းပ သွားမည်ဖြစ်ကြောင်း၊ လေ့ကျင့်ပြင်ဆင်မှုများတွင် အခက် အခဲများရှိပါက အချိန်နှင့်တစ်ပြေး ညီ တာဝန်ရှိသူ အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်စေလိုကြောင်း နှင့် ကျန်းမာရေးကို အထူးဂရုပြု စေလိုကြောင်း မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး က အနုပညာဦးစီးဌာနမှ အက နည်းပြ ဆရာ ဆရာမများ၊ အခြေခံပညာ အထက်တန်း ကျောင်းများမှ ကြီးကြပ်ဆရာမ များ၊ တိုင်းရင်းသား တိုင်းရင်းသူ များနှင့် ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ် ပြီး အားပေးစကား ပြောကြားခဲ့ သည်။

**သတင်းစဉ်**



## ပျဉ်းမနားမြို့နယ်၌ မွေးမြူရေးစီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၁၃

နေပြည်တော် ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာရှိ မြို့နယ်သမဝါယမအသင်းစု၏ ဘက်စုံစိုက်ပျိုးထုတ်လုပ်ရေးနှင့် မွေးမြူရေးခြံ၌ ယမန်နေ့နံနက်ပိုင်းက နေပြည်တော် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့် နေပြည်တော်သမဝါယမဦးစီးဌာနတို့ ပူးပေါင်းစီစဉ်သည့် မွေးမြူရေးစီမံခန့်ခွဲမှုသင်တန်းကို ဖွင့်လှစ်သည်။

**ရှင်းလင်းပြောကြား**

အဆိုပါ သင်တန်းတွင် နေပြည်တော်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါက်တာစံထွန်းဝေက သင်တန်းဖွင့်လှစ် ရသည့် အကြောင်းအရင်းနှင့် သင်တန်းမှရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ပြီး နေပြည်တော်သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက် ကို ရှင်းလင်းပြောကြားသည်။

**သင်တန်းသား ၂၃ ဦး တက်ရောက်**

ထို့နောက် နေပြည်တော်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယ တိုင်းဦးစီးမှူး ဒေါက်တာထွန်းထွန်းကိုနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စာတွေ့၊ လက်တွေ့ပို့ချခဲ့ကြကာ သင်တန်းသို့ ပျဉ်းမနားမြို့နယ် ဘက်စုံ မွေးမြူရေးခြံအပါအဝင် မွေးမြူရေးသမဝါယမအသင်း ခုနစ်သင်းမှ သင်တန်းသား ၂၃ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကု ဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော် ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အစိုးရစက်မှုလက်မှုသိပ္ပံ(တီးတိန်)မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

တီးတိန် ဒီဇင်ဘာ ၁၃

ချင်းပြည်နယ် တီးတိန်မြို့၌ စက်မှုလက်မှုသိပ္ပံ(တီးတိန်) မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက စကောလမ်းရပ်ကွက် အဆိုပါကျောင်းဆောင်၌ ကျင်းပသည်။

ဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ်(ကိုယ်စား) တီးတိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြား ခဲ့ပြီး သိက္ခာတော်ရ ဆရာတော်ကြီးများက ကျောင်းတော်ကြီးအတွက် ကောင်းချီးမင်္ဂလာ ဆုတောင်းပေးခဲ့ကြသည်။

ထို့နောက် ချင်းပြည်နယ်အစိုးရအဖွဲ့ကပေးအပ်သော ငွေကျပ်သိန်း ၁၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်(ကိုယ်စား) တီးတိန်ခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌက ပေးအပ်ရာစက်မှုလက်မှုသိပ္ပံ ကျောင်းအုပ်ဆရာကြီး ဦးထန်ကိမ်းခိုင်က လက်ခံသည်။



အဆိုပါအခမ်းအနားသို့ တီးတိန်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**မိုးမိုး**

## ဒေါပုံမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ဒေါပုံ ဒီဇင်ဘာ ၁၃

ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်တွင် ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ



ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက ကြည့်စု ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ တာဝန်ရှိသူများပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒေါပုံမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်ထွန်းနှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက် ပေးခဲ့ရာ ဒေါပုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးထက်နှင့် အဖွဲ့ဝင် များက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**

# အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနဌာန(ASI)အဖွဲ့က ပြုပြင်ထိန်းသိမ်းပြီးစီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံ၊ ဘုရား၊ စေတီ ၁၁ ဆူ၏ (လုပ်ငန်း ၂၂ )ခု လုပ်ငန်းပြီးစီး၍ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ




**ညောင်ဦး ဒီဇင်ဘာ ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့ နံနက်ပိုင်းတွင် ပုဂံညောင်ဦးမြို့ ရွှေစည်းခုံစေတီတော် ဂေါပကရုံး၌ ကျင်းပသည့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရွှေစည်းခုံစေတီတော်ကြီးပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် ဘက်စုံလွှမ်းခြုံသောအစီအစဉ် (Master Plan)ရေးဆွဲနိုင်ရေး စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ထပ်မံဖြည့်စွက်ပြီး Master Plan ကို သတ်မှတ်ကာလအတွင်း ရေးဆွဲပြီးစီးနိုင်ရေးအတွက် မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဆက်စပ်ဌာနဆိုင်ရာများက ရွှေစည်းခုံစေတီတော်မြတ်ကြီးအတွက် Master Plan ကို အကောင်းဆုံးဖြစ်အောင် ကူညီရေးဆွဲပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌတို့က Master Plan ရေးဆွဲရေးနှင့်ပတ်သက်၍ အချက်အလက်များ ကောက်ယူပြီးစီးမှုနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကဏ္ဍအလိုက် ဖွဲ့စည်းထားသည့် အဖွဲ့(၁)၊ အဖွဲ့ (၂)၊ အဖွဲ့(၃)၊ အဖွဲ့(၄)တို့က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများတင်ပြကြပြီး အစည်းအဝေး တက်ရောက်လာကြသူများက ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးကြကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရွှာဟောင်းကြီးဘုရား၌ ကျင်းပသည့် မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံ နှစ်နိုင်ငံချစ်ကြည်ရေး နားလည်မှုသဘောတူစာချွန်လွှာ MoU အရ အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနဌာန (ASI) အဖွဲ့က ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ပုဂံဒေသရှိ ငလျင်ဒဏ်သင့် ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သည့် စီမံကိန်းပထမအဆင့် ရှေးဟောင်းအဆောက်အအုံ၊ ဘုရား၊ စေတီ ၁၁ ဆူ၏ (လုပ်ငန်း ၂၂)ခု လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၊ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်တို့က အမှာစကားပြောကြားပြီး လုပ်ငန်းပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းကျောက်စာကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကာ ရှေးဟောင်းအဆောက်အအုံ၊ ဘုရား၊ စေတီ ၁၁ ဆူတို့၏ အဆောက်အအုံပိုင်းဆိုင်ရာနှင့် နံရံဆေးရေးပန်းချီ၊ အင်္ဂတေပန်းစသည့် အနုလက်ရာပိုင်းဆိုင်ရာများ ပြုပြင်ထိန်းသိမ်းမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့် ဧည့်သည်တော်များသည် အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနဌာနမှ ပြုပြင်ထိန်းသိမ်းပြီးစီးခဲ့သည့် နတ်လှောင်ကျောင်းနှင့် သိကြားပုန်း ဘုရားများသို့ သွားရောက်လေ့လာကြည့်ရှုရာ အိန္ဒိယပညာရှင်များက အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီဖြင့် ပုဂံဒေသရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ရှေးဟောင်းအဆောက်အအုံ၊ ဘုရား၊ စေတီ ၇၂ ဆူ (လုပ်ငန်းအားဖြင့် ၈၉) ခု ထိန်းသိမ်းကာကွယ် စောင့်ရှောက်မှုဆိုင်ရာ နားလည်မှုသဘောတူစာချွန်လွှာ (MoU) ကို ၂၀၁၈ ခုနှစ် မေ ၁၁ ရက်က နေပြည်တော်၌ လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါ ရှေးဟောင်းအဆောက်အအုံ၊ ဘုရား၊ စေတီ ၇၂ ဆူကို Phase-1, Phase-2, Phase-3 သုံးပိုင်းခွဲ၍ ၁၀ နှစ်စီမံကိန်းဖြင့် အဆောက်အအုံပိုင်းနှင့် အနုလက်ရာပိုင်း ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်မှ စတင်၍ Phase-1 အဖြစ် ရှေးဟောင်းအဆောက်အအုံ၊ ဘုရား၊ စေတီ စုစုပေါင်း ၁၂ ဆူ၏ အဆောက်အအုံပိုင်းဆိုင်ရာ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် နံရံပန်းချီနှင့် အင်္ဂတေပန်းကြွခိုင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို အိန္ဒိယသမ္မတနိုင်ငံအစိုးရ အကူအညီဖြင့် အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနဌာနမှ ဆောင်ရွက်လျက်ရှိပြီး အဆိုပါ ရှေးဟောင်းအဆောက်အအုံ စုစုပေါင်း ၁၂ ဆူအနက် ရှေးဟောင်းအဆောက်အအုံ၊ ဘုရား၊ စေတီ ၁၁ ဆူ၏ (လုပ်ငန်း ၂၂)ခုကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် လုပ်ငန်းပြီးစီးမှုကို လွှဲပြောင်းပေးအပ်ခြင်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုဂံမြို့ Aureum Palace Hotel တွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၃**

နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ (၅/ ၂၀၂၄) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ အထူးဖိတ်ကြားထားသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကုန်ထုတ်လုပ်မှုများတိုးတက်လာစေရေး၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေးအတွက် နိုင်ငံတော်အစိုးရ၏မူဝါဒ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးတို့ကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး၊ နေပြည်တော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ယဉ်ယဉ်နွယ်က သက်ဆိုင်ရာကုမ္ပဏီ၏ အတည်ပြုလျှောက်ထားလွှာ တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြသည့် ကွင်းဆင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက်လည်းကောင်း ဆွေးနွေးကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ကျောက်စီရေမြောင်းများနှင့် အုတ်စီရေမြောင်းများဆောင်ရွက်နေမှုများနှင့် ဆောင်ရွက်ပြီးစီးမှုများ၊ သန့်ရှင်းသာယာရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုသိမ်မြို့၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ပုသိမ် ဒီဇင်ဘာ ၁၃**

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကား ပြောကြားသည်။

ထို့နောက် အခမ်းအနားပြင်ဆင်ရေး ကော်မတီမှ လွတ်လပ်ရေးနေ့ အခမ်းအနားပြင်ဆင်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးကော်မတီမှ ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ဆောင်ရွက်မည့် အခြေအနေများ ဧည့်ခံကျွေးမွေးရေး လုပ်ငန်းကော်မတီမှ ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များနှင့် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းထားရှိမှုများ၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ စီစဉ်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီမှ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပြခန်းများပြသမည့် ဌာနများစာရင်းကို တင်ပြခဲ့ကြပြီး ကော်မတီဝင်များက အထွေထွေဆွေးနွေးတင်ပြ ခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးခဲ့ သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို အားပေးနေကြသည့်ပရိသတ်များကို တွေ့ရစဉ်။

■ ကျောဖုံးမှ

အမျိုးသား မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ အမျိုးသား မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲ၊ အမျိုးသား မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲ အမျိုးသား မီတာ ၅၀ x ၄ လွန်းပျံ လေးမျိုးကူးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၅၀ x ၄ လွန်းပျံ လေးမျိုးကူးပြိုင်ပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်**

ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲကို ရွှေကြာပင် အားကစားရုံ၌ ကျင်းပရာ အမျိုးသမီး ၅၅-၆၀ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး ဓားရှည်နှစ်ယောက်တိုက်အပြ စွမ်းရည်ပြပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့ပြင် အမျိုးသမီး တစ်ကိုယ်တော် ဓားတစ်လက်အပြ စွမ်းရည်ပြပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရခိုင်ပြည်နယ်မှ သက်စုအောင်က ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ ယွန်းနဒီဇော်က ဒုတိယ၊ ကရင်ပြည်နယ်မှ နှင်းယုဝေက တတိယဆုကို လည်းကောင်း၊ ဗိုဗီနမ်အပြပြိုင်ပွဲ မ ၁+ ကျား ၃ လက်နက်ပါအပြပြိုင်ပွဲ စွမ်းရည်ပြပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ဝင်းဝင်းခိုင်နှင့်အဖွဲ့က ပထမ၊ ရှမ်းပြည်နယ်မှ မေသက်မှူးနှင့်အဖွဲ့က ဒုတိယ၊ ရန်ကုန်တိုင်း ဒေသကြီးမှ နှင်းဝတ်ရည်နှင့်အဖွဲ့က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။



ပြည်နယ်နှင့် တိုင်းဒေသကြီး ပြေးခုန်ပစ် အမျိုးသား မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဇေယျာဖြိုး ပန်းဝင်လာစဉ်။ ဓာတ်ပုံ - မျိုးထက်

ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)၌ ကျင်းပရာ Mixed Team ပြိုင်ပွဲတွင် ကချင်ပြည်နယ်က ပထမ၊ ရန်ကုန်တိုင်းဒေသကြီးက ဒုတိယ၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်/စနူကာပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များနှင့် လူရွေးပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဘိလိယက်ရုံ၌ ကျင်းပရာ စနူကာ 6 Red တစ်ဦးချင်းပြိုင်ပွဲ၊ 9Ball တစ်ဦးချင်းပြိုင်ပွဲ၊ ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ၊ စနူကာ 15 Red တစ်ဦးချင်းပြိုင်ပွဲများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘိလိယက်/စနူကာပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။

**အနိုင်ရရှိ**

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၂၅)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(၃/၄)၊ ဘောဂဝတီ အားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးဂိုး-ဂိုးမရှိ၊ မွန်ပြည်နယ်အသင်းက ကယားပြည်နယ် အသင်းကို လေးဂိုး-ဂိုးမရှိ၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား လေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ တတိယနေရာလုပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြုတ်၊ ဗိုလ်လုပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြုတ်ဖြင့် အနိုင်ရရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပထမ၊ မွန်ပြည်နယ်အသင်းက ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**၅၈-၆၃ ကီလိုတန်းပြိုင်ပွဲ**

ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုအတိုက်ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း တိုက်ကွမ်ဒိုရုံ၌ ကျင်းပရာ အမျိုးသားဘင်တန် ၅၈-၆၃ ကီလိုတန်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဘုန်းထွဋ်အောင်က ကယားပြည်နယ်မှ စောအယ်လင်းဦးကို အနိုင်ရရှိခဲ့ပြီး ပထမဆုကို ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုကို ကယားပြည်နယ်နှင့် တတိယဆုကို မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့က ပူးတွဲရရှိခဲ့ကြသည်။

အမျိုးသား ဖယ်သာ ၆၃-၆၈ ကီလိုတန်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ရှမ်းပြည်နယ်မှ ထက်မြတ်နိုင်က ဧရာဝတီတိုင်းဒေသကြီးမှ ဟိန်းထွဋ်စံကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ရှိုင်းထက်အောင်က ကယားပြည်နယ်မှ လွင်မျိုးခန့်ကို လည်းကောင်း၊ အမျိုးသမီး ဖလိုင်း ၄၆-၅၁ ကီလိုတန်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးမှ မေမြတ်နိုးဦးက ကရင်ပြည်နယ်မှ ကရေစီနိုးကို လည်းကောင်း၊ ရှမ်းပြည်နယ်မှ ဆုလေပြေထွန်းက ဧရာဝတီတိုင်းဒေသကြီးမှ မေသဇင်ကျော်ကို လည်းကောင်း၊ အမျိုးသမီး ၄၆-၅၁ ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်း ဒေသကြီးမှ မေမြတ်နိုးဦးက ရှမ်းပြည်နယ်မှ ဆုလေပြေထွန်းကို လည်းကောင်း အနိုင်ရရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ရှမ်းပြည်နယ်က ဒုတိယ၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့က ပူးတွဲတတိယဆုကို ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို တင်းနစ်ကွင်း(ဗဟို)၌ ကျင်းပရာ အမျိုးသား တင်းနစ်ပြိုင်ပွဲများတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြုတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြုတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲပြုတ်၊

**စာမျက်နှာ ၁၃ သို့ »»**



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးတင်းနစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။




ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

»»» စာမျက်နှာ ၁၂ မှ

ကရင်ပြည်နယ်က ချင်းပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ရှမ်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသမီး တင်းနစ်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲ -တစ်ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ - တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း အလေးမရုံ၌ ကျင်းပရာ အမျိုးသား ၅၅ ကီလိုတန်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ငြိမ်းချမ်းထွေးက ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ အောင်ပြည့်စုံဦးက ဒုတိယ၊ ကရင်ပြည်နယ်မှ မျိုးမင်းထက်က တတိယဆုကိုလည်းကောင်း၊ အမျိုးသမီး ၄၅ ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ယဉ်ယဉ်ထွေးက ပထမ၊ မကွေးတိုင်းဒေသကြီးမှ ချိုဇင်မြင့်က ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ ခိုင်သဇင်အောင်က တတိယဆုကိုလည်းကောင်း ရရှိခဲ့သည်။

ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ကျင်းပရာ အမျိုးသားလုံတံပစ်ပြိုင်ပွဲ၊ အမျိုးသားသံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသမီး လုံတံပစ်ပြိုင်ပွဲ၊ အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသမီး အလျားခုန်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၁၀၀ x ၄ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။



အမျိုးသားမာရသွန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ စောထိုက်စံ ပန်းဝင်လာစဉ်။
(ဓာတ်ပုံ-မျိုးထက်)



တိုက်ကွမ်ဒိုပြိုင်ပွဲ အမျိုးသား ဘင်တန် (၅၈-၆၃) ကီလိုတန်းတွင် မွန်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။
(ဓာတ်ပုံ-မျိုးထက်)

ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘော်လီဘောရုံ၌ ကျင်းပရာ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲ - တစ်ပွဲ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို သုံးပွဲ - နှစ်ပွဲ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းက ပြည်ထောင်စု ရာထူးဝန်အဖွဲ့အသင်းကို သုံးပွဲပြတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းကို သုံးပွဲ - နှစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာနအသင်းတို့က တစ်ဖက် သုံးဂိုးစီ၊ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းတို့က တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အသင်းကို ငါးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ရုံ၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းက အလုပ်သမား ဝန်ကြီးဌာနအသင်းကို လေးဂိုး-တစ်ဂိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေး ဝန်ကြီးဌာန အသင်းတို့က တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး -တစ်ဂိုး၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာန အသင်းကို ၁၀ ဂိုး -တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်း နှစ်ယောက်တွဲ ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A) ရုံ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အသင်းကို နှစ်ပွဲပြတ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲ - တစ်ပွဲ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**သတင်းစဉ်**



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ (ဓာတ်ပုံ-မျိုးထက်)

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား စနူကာပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဗိုဗီနမ်ပြိုင်ပွဲ (ဗိုလ်လုပွဲ) တွင် ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်နှစ်ဦး ယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နှစ်ဦး ယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ဗိုဗီနမ်ပြိုင်ပွဲ (ဗိုလ်လုပွဲ)တွင် ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်နှစ်ဦး ယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား တင်းနစ်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများကို လာရောက်ကြည့်ရှုသူများအား တွေ့ရစဉ်။



ဝန်ကြီးဌာန ပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား လှံတံပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား မီတာ ၂၀၀ ရေကူးပြိုင်ပွဲ ကျင်းပစဉ်။

ဓာတ်ပုံ - လင်းရာမ၊ အလင်းသစ်



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး (၅၅)ကီလိုတန်း အလေးမပြိုင်ပွဲတွင် ၁၁၆ ကီလို နှစ်ဆင့်မဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ နော်တာဘိုးရာ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားအသင်းလိုက် ဂျူဒို (အတိုက်)ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး (၄၅)ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မယဉ်ယဉ်ထွေး ယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးအသင်းလိုက် ဂျူဒို(အတိုက်)ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို အားပေးနေကြသည့် ပရိသတ်များကို တွေ့ရစဉ်။

# ပွဲနည်းနည်းရှားနေတဲ့အချိန်မှာ ဒီလိုပွဲတွေလုပ်ပေးခြင်းအားဖြင့် ရှက်ပုန်းသီးအားကစားသမားတွေလည်း ထွက်ပေါ်လာမယ်။ လာမယ့်ဆီးဂိမ်းပြိုင်ပွဲမှာ ပြိုင်မယ့်ကစားသမားတွေလည်း အခုပြိုင်ပွဲကနေ ရွေးချယ်လို့ရမှာဖြစ်ပါတယ်။

ဦးမြင့်လွင်

**တွေ့ဆုံမေးမြန်းနှင့်ဓာတ်ပုံ**
**အလင်းသစ်၊ လင်းရာမ**

ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပလျက်ရှိရာ သက်ဆိုင်ရာ အားကစားနည်းအလိုက် တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-


ဦးဝဏ္ဏထွန်း


မောင်သန့်ဇင်ဝင်းအောင်


မယဉ်ယဉ်ထွေး


ဦးမြင့်လွင်


မသွန်းမိုးမေ


နော်တဘိုးရာ

**ဦးဝဏ္ဏထွန်း**
**ဂျူဒိုအားကစားနည်းပြ**
**ကချင်ပြည်နယ်ကိုယ်စားပြု**

ပြီးခဲ့တဲ့နှစ်က တိုင်းဒေသကြီးနဲ့ ပြည်နယ်အားကစားပွဲတွေ ပြီးကတည်းက ကလေးတွေကို နေ့တိုင်း တစ်နေ့ကို တစ်ကြိမ်လာပြီး လေ့ကျင့်ခိုင်းပါတယ်။ အဲဒါပြီးမှ ဒီပြိုင်ပွဲအတွက် နှစ်လစခန်းသွင်း လေ့ကျင့်စေခဲ့ပါတယ်။ ကချင်ပြည်နယ်မှာရှိတာကတော့ ဂျူဒိုအားကစားသမား ၄၀ လောက် ရှိပါတယ်။ အဲဒီထဲကမှ အကောင်းဆုံးကစားသမားတွေကို စခန်းသွင်းလေ့ကျင့် တာပါ။ ကျွန်တော်တို့ ကချင်ပြည်နယ်အနေနဲ့ ဂျူဒိုပြိုင်ပွဲ တစ်ဦးချင်းပြိုင်ပွဲမှာ ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ်ငါးခုနဲ့ ကြေးတံဆိပ်သုံးခု ရထားပါတယ်။ အဖွဲ့လိုက် ဂျူဒိုပြိုင်ပွဲမှာတော့ ဆီမီးဖိုင်နယ်အဆင့် တက်ထားပါတယ်။ ဆီမီးဖိုင်နယ်အဆင့်မှာ ရှမ်းပြည်နယ်ကိုယ်စားပြုအသင်းနဲ့တွေ့တာပါ။ အခုလိုပြိုင်ပွဲတွေ ကျင်းပပေးတာ ကောင်းပါတယ်။ ကစားသမားတွေအတွက် ပြိုင်ပွဲတွေနည်းရင် လက်ရည်သိပ်မထွက်ဘူးလေ။ အခုလိုပြိုင်ပွဲတွေ စဉ်ဆက်မပြတ်ကျင်းပပေးတဲ့အတွက် ကလေးတွေလည်း တောက်လျှောက် လာလေ့ကျင့်ပါတယ်။ အခုပြိုင်ပွဲမှာ ပြိုင်ပွဲဝင်ကစားသမားတွေအနေနဲ့ နိုင်ချင်စိတ်တွေလည်း များလာတယ်။ ဂျူဒိုအားကစား ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် တိုင်းဒေသကြီးနဲ့ပြည်နယ်မှာ မျိုးဆက်သစ်ကစားသမားတွေ မွေးထုတ်နိုင်ဖို့ ဂျူဒိုအဖွဲ့ချုပ်တွေအနေနဲ့ မြက်ဖျာတွေ၊ ဝတ်စုံတွေ ဖြန့်ဖြူးပေးနိုင်ဖို့အတွက် ပြည်နယ် တာဝန်ရှိသူတွေကလည်း ကစားသမားကောင်းတွေ ထွက်လာအောင် ပံ့ပိုးဖို့လိုပါတယ်။ အခုလိုပြိုင်ပွဲတွေ ကျင်းပပေးတာ ကျွန်တော်တို့အတွက်လည်း ကောင်းပါတယ်။ ကျွန်တော်လည်း နှစ် ၂၀ လောက်ကစားခဲ့တာမှာ အမျိုးသားအားကစားပွဲတော်မှာ တစ်ကြိမ်ပဲ ကစားဖူးတာပါ။ အရင်နှစ်ကဆို တိုင်းဒေသကြီးနဲ့ပြည်နယ်ပွဲတွေ ကျင်းပပါတယ်။ ကချင်ပြည်နယ်ကိုယ်စားပြု ဂျူဒိုကစားသမားတွေ သိပ်ခက်ခက်ခဲခဲမကစားရဘူး။ အခုအမျိုးသားအားကစားပွဲတော်မှာဆိုရင် သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက်ပြင်ဆင်ထားပြီးဖြစ်တယ်။ကလေးတွေက ဒီပွဲတော်ကြီးမှာ အားသွန်ခွန်စိုက် ယှဉ်ပြိုင်ကစားကြတာတွေ့ရပါတယ်။

**မောင်သန့်ဇင်ဝင်းအောင်**
**ဂျူဒိုအားကစားပြိုင်ပွဲဝင်**
**ရှမ်းပြည်နယ်ကိုယ်စားပြု**

ဒီနေ့ယှဉ်ပြိုင်တာကတော့ အသင်းလိုက် ဂျူဒိုအားကစားပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ကစားတာပါ။ အမျိုးသား သုံးယောက်၊ အမျိုးသမီး သုံးယောက် အားလုံး ခြောက်ယောက်ပါဝင်ကစားတာဖြစ်ပြီး ဂျူဒိုမှာ အတိုက်နဲ့ ခတ္တဆိုပြီး နှစ်မျိုးရှိပေမယ့် ကျွန်တော်က အတိုက်တစ်မျိုးတည်းကို ယှဉ်ပြိုင်တာပါ။ အတိုက်တစ်ဦးချင်းပြိုင်ပွဲမှာတော့ ရှမ်းပြည်နယ်ကိုယ်စားပြု ဂျူဒိုပြိုင်ပွဲမှာ ရွှေတံဆိပ်ဆွတ်ခူးခဲ့ပါတယ်။ အခုအသင်းလိုက်ပြိုင်ပွဲကတော့ အုပ်စုအဆင့်ပဲ ရှိပါသေးတယ်။ အသင်းလိုက်ပြိုင်ပွဲမှာ အတိုက်တစ်မျိုးတည်းဆိုပေမယ့် ဝိတ်တန်းတော့ကွဲပါတယ်။ ဒီပြိုင်ပွဲဝင်ပြိုင်ဖို့အတွက် ကိုးလလောက် ပြင်ဆင်ခဲ့ပါတယ်။ နေပြည်တော် gold camp မှာ လေ့ကျင့်ခဲ့တာပါ။ အခုလိုပြိုင်ပွဲတွေ ကျင်းပတာများမှလည်း ကျွန်တော်တို့ လက်ရည်တက်တာပါ။ နိုင်ငံတကာပွဲတွေ ပါဝင်ယှဉ်ပြိုင်ဖို့အတွက်လည်း ပြိုင်ပွဲတွေ ကျင်းပပေးတာရှိတော့ ပြင်ဆင်ပြီးသားဖြစ်တာပေါ့။ ကျင်းပပေးတာ ကျေးဇူးတင်ပါတယ်။

**မယဉ်ယဉ်ထွေး**
**အလေးမပြိုင်ပွဲဝင်**
**ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု**

ဒီနေ့ကျင်းပတဲ့ အမျိုးသားအားကစားပွဲတော်ရဲ့ အမျိုးသမီးအလေးမပြိုင်ပွဲ ၄၅ ကီလိုတန်းမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ ဒီပြိုင်ပွဲမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် စုစုပေါင်း လေးခုယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ အခုလို ရွှေတံဆိပ်ဆုရရှိတော့ ကြိုးစားခဲ့တာ အရာထင်လာတာဖြစ်လို့ ဝမ်းသာပါတယ်။ အလေးမပြိုင်ပွဲမှာ ပြိုင်ပွဲအားလုံးပေါင်းပြီး အများဆုံးလူကို စံချိန်(ပထမ)ပေးတာပါ။ စုစုပေါင်း ၁၂၈ ကီလိုနဲ့ စံချိန်ဝင်ခဲ့လို့ ရွှေတံဆိပ်ဆုရခဲ့တာဖြစ်ပါတယ်။ အရင်ကတော့ အလေးမပြိုင်ပွဲတွေမှာ ဝင်ပြိုင်ခဲ့ဖူးပေမယ့် အခုလို အမျိုးသား အားကစားပွဲတော်ကတော့ ပထမဆုံးယှဉ်ပြိုင်ဖူးတာပါ။ အရင်နှစ်က ကျင်းပတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် အားကစားပြိုင်ပွဲမှာ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာ အတော်လေး ကြိုးစားခဲ့ပါတယ်။ ဝိတ်ချထားတာဖြစ်လို့ အရင်က စံချိန်အောက် နည်းနည်းလျော့သွားပါတယ်။ ပြိုင်ပွဲတွေ မကြာခဏရှိရင် ပိုကောင်းပါတယ်။ ပြိုင်ပွဲရှိတော့ ပိုပြီး လေ့ကျင့်ဖြစ်တာပေါ့။

**ဦးမြင့်လွင်**
**မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်**
**တွဲဖက်အတွင်းရေးမှူး**

တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြိုင်ပွဲတွေ ကျင်းပခြင်းအားဖြင့် ရေကူးသမားတွေ အများကြီးထွက်ပေါ်လာမယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေကလာတဲ့ရေကူးသမား အသစ်လေးတွေဆို ပိုကောင်းပါတယ်။ အခုမှ ရေကူးအားကစားက ပြန်လုပ်တာဆိုတော့ လူငယ်မျိုးဆက်သစ်တွေ ထွက်ပေါ်လာရေး ကျင်းပပေးနေခြင်းဖြစ်ပါတယ်။ သက်တမ်းအလိုက် ပြိုင်ပွဲတွေလည်း ကျွန်တော်တို့ ရေကူးအဖွဲ့ချုပ်အနေနဲ့ ကျင်းပပါတယ်။ ပြည်နယ်နဲ့ တိုင်းပြိုင်ပွဲမှာဆိုရင် အသက် ၁၄ နှစ်ကနေ ၂၅ နှစ်အတွင်းပြိုင်ပွဲတွေ ကျင်းပပေးသလို အသက် ရှစ်နှစ်၊ ကိုးနှစ်အရွယ်ပြိုင်ပွဲတွေ ကျင်းပပေးနေပါတယ်။ ရေကူးအားကစားက တခြားအားကစားတွေနဲ့ မတူတာကတော့ ငယ်ငယ်ရွယ်ရွယ်ကတည်းက လေ့ကျင့်ရတယ်။ လက်ရွေးစဉ်ကစားသမားဖြစ်ဖို့ဆိုရင်တော့ အချိန်ကြာကြာယူရတယ်။ အားသန်တာနဲ့မရဘူး။ ရေကူးအားကစားကို ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ဆိုရင် နှစ်ရှည်လများလေ့ကျင့်မှ ကျွမ်းကျင်မှုရတာဖြစ်တယ်။ ရေကူးအားကစားနည်းမှာ အလွတ်ကူး၊ ပက်လက်ကူး၊ ရင်ပေါင်တန်းကူး၊ လိပ်ပြာကူး လေးမျိုးရှိပေမယ့် တစ်ဦးချင်းရေကူးပြိုင်ပွဲတွေမှာ မီတာ ၄၀၀ အလွတ်ကူး၊ မီတာ ၂၀၀ အလွတ်ကူးဆိုပြီး ထည့်ထားတဲ့အပြင် အဲဒီလေးမျိုးကိုပဲ မီတာ ၅၀၊ မီတာ ၁၀၀ စတဲ့ပွဲတွေလည်း ခွဲထည့်ထားပါတယ်။ အခုကျင်းပနေတဲ့ အမျိုးသားအားကစားပွဲတော်မှာ ပွဲစဉ်စုစုပေါင်း အမျိုးသား/အမျိုးသမီး ၂၆ ပွဲ ရှိပါတယ်။ အခုရေကူးပြိုင်ပွဲမှာ အမျိုးသား ၈၉ ဦး၊ အမျိုး သမီး ၆၈ ဦး ပါဝင်ယှဉ်ပြိုင်နေတာဖြစ်ပါတယ်။ ပွဲနည်းနည်းရှားနေတဲ့ အချိန်မှာ ဒီလိုပွဲတွေ လုပ်ပေးခြင်းအားဖြင့် ရှက်ပုန်းသီးအားကစားသမားတွေလည်း ထွက်ပေါ်လာမယ်။ လာမယ့် ဆီးဂိမ်းပြိုင်ပွဲမှာ ပြိုင်မယ့်ကစားသမားတွေလည်း အခုပြိုင်ပွဲကနေ ရွေးချယ်လို့ရမှာဖြစ်ပါတယ်။

**မသွန်းမိုးမေ**
**အမျိုးသမီးရေကူးပြိုင်ပွဲဝင်**
**ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု**

အခုလို ရေကူးပြိုင်ပွဲတွေကို မကြာခဏဆိုသလို ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်ပြိုင်ပွဲတွေမှာလည်း ပြိုင်ဖူးတယ်။ နိုင်ငံတကာ ရေကူးပြိုင်ပွဲ အတွေ့အကြုံအနေနဲ့ကတော့ စင်ကာပူနိုင်ငံမှာလည်း ပြိုင်ဖူးတယ်။ ကျွန်မဆရာနဲ့အတူ ထိုင်းနိုင်ငံ ဗန်ကောက်မှာကျင်းပတဲ့ ဖိတ်ခေါ်ပြိုင်ပွဲမှာလည်း သုံးကြိမ်သွားရောက်ယှဉ်ပြိုင်ဖူးပါတယ်။ အဲဒီပြိုင်ပွဲမှာလည်း ဆုတွေ ရခဲ့ပါတယ်။နောက်ဆုံးတစ်ခေါက်သွားရောက်ယှဉ်ပြိုင်ရာမှာတော့ ရွှေတစ်ဆုရခဲ့ပါတယ်။ အခုအမျိုးသားအားကစားပွဲတော် ရေကူးပြိုင်ပွဲမှာတော့ ၂၀၀ IM နဲ့ဝင်ရောက်ယှဉ်ပြိုင်ဖြစ်တာပါ။ IM ဆိုတာကတော့ အလွတ်ကူး၊ ပက်လက်ကူး၊ လိပ်ပြာကူး၊ ရင်ပေါင်တန်းကူး စတဲ့ရေကူးနည်း လေးနည်းနဲ့ ယှဉ်ပြိုင်ရတာဖြစ်ပါတယ်။ မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲမှာလည်း ဝင်ပြိုင်ဖြစ်ပါတယ်။ အမျိုးသမီ မီတာ ၂၀၀ IM ပြိုင်ပွဲမှာ ပထမရခဲ့ပါတယ်။

**နော်တဘိုးရာ**
**၅၅ ကီလိုတန်းအလေးမပြိုင်ပွဲဝင်**
**အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန**

အရင်ကတင်ခဲ့တဲ့စံချိန်ကို အခုပြိုင်ပွဲမှာ ကျော်ဖြတ်ပြီး စံချိန်သစ်တင်နိုင်ခဲ့လို့လည်း ဝမ်းသာပီတိဖြစ်မိပါတယ်။ ၁၁၆ ကီလို နှစ်ဆင့်မနဲ့ စံချိန်သစ်တင်နိုင်ခဲ့တာဖြစ်ပါတယ်။ အလေးစမတာကတော့ ၂၀၁၄ မန္တလေး အား/ကာသိပ္ပံကနေ ရွေးချယ်ခံရပြီး ၂၀၁၄ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိ လေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ အခုပွဲမတိုင်ခင် ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်နိုင်ငံတို့မှာ သွားပြီးယှဉ်ပြိုင်ခဲ့တယ်။ ဗီယက်နမ်နိုင်ငံမှာတော့ ကြေးတံဆိပ်ရခဲ့ပါတယ်။ အခုလိုပြိုင်ပွဲတွေ ကျင်းပပေးတော့ မျိုးဆက်သစ်တွေလည်း ပေါ်ထွက်လာမယ်။ကျွန်မတို့အတွက်လည်း လေ့ကျင့်ပြီးသားဖြစ်တယ်။ အလေးမအားကစားကို လူတွေပိုသိလာမယ်။ အရင်က အလေးမအားကစားကို မသိခဲ့ဘူး။ မိသားစုအသိုင်းအဝိုင်းကလည်း ချမ်းသာတဲ့ထဲမှာ မပါတဲ့အတွက် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ချင်တဲ့စိတ်ကြောင့်သာ အလေးမကို ရွေးချယ်ခဲ့တာပါ။ ဒီလောကထဲကို စပြီးဝင်ကတည်းက လက်ရွေးစင် ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့စိတ်ရှိတယ်။ ကိုဗစ်ကာလမှာ စခန်းသွင်းလေ့ကျင့်မှုတွေ ခဏနားတော့ အလေးမအားကစား ဆက်မလုပ်တော့ဘူးဆိုပြီး တွေးထားပေမယ့် စခန်းသွင်းလေ့ကျင့်မှုတွေ ပြန်လုပ်တဲ့အချိန်မှာတော့ အလေးမအားကစားကို လေးနှစ်လောက်ရင်းခဲ့ပြီး သွားပြီဖြစ်လို့ အောင်မြင်မှုရအောင် ပြန်လုပ်မယ်ဆိုတဲ့စိတ်နဲ့ ဗီယက်နမ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့တာဖြစ်ပါတယ်။ အခုလို စံချိန်သစ်တင်နိုင်ဖို့ကတော့ နည်းပြရော ကစားသမားရော အဓိက အရေးကြီးတာဖြစ်ပါတယ်။

# ပြည်သူလူထုနှင့်ဆက်ဆံရာတွင် ဖော်ရွေစွာပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရားထားရှိခြင်းတို့ဖြင့် ဆောင်ရွက်ပေးပါ

■ ဒေါက်တာသံလွင်ထွန်း(ကျန်းမာရေးဝန်ကြီးဌာန)

**ပြည်သူလူထုနှင့်ဆက်ဆံရာတွင် ဆောင်ရွက်နေရသော ဝန်ထမ်းများသည် ပြည်သူများအပေါ် ဖော်ရွေစွာပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရားထားရှိခြင်းတို့ဖြင့် ဆောင်ရွက်ခြင်းသည် သက်ဆိုင်ရာအဖွဲ့အစည်း၏ အရေးပါသော အဓိကမှတ်တိုင်ဖြစ်ပါသည်။ ယနေ့ခေတ် လူမှုပတ်ဝန်းကျင်တွင် တစ်ဦးပေါ်တစ်ဦး စာနာတတ်ခြင်း၊ အပြန်အလှန်လေးစားမှုရှိခြင်းတို့သည် အဓိကလိုအပ်လျက်ရှိပါသည်။**

ဤဆောင်းပါးသည် ဖော်ရွေစွာ ပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရားထားရှိခြင်းတို့သည် ပြည်သူလူထုနှင့်ဆက်ဆံရာတွင် မရှိမဖြစ်လိုအပ်သော အခြေခံမှုဖြစ်ပြီး ပြည်သူများအတွက် ကောင်းမွန်သော ရလဒ်ကောင်းများကို မြှင့်တင်နိုင်ရန်အတွက် ရည်ရွယ်ပါသည်။

**ယုံကြည်မှုနှင့် နားလည်မှုတည်ဆောက်ခြင်း**

ပြည်သူများအား ဖော်ရွေစွာ ပြောဆိုဆက်ဆံခြင်း၏ အဓိကအရေးပါမှုမှာ ယုံကြည်မှုနှင့် နားလည်မှုတည်ဆောက်ခြင်းပင်ဖြစ်သည်။ ပြည်သူများအား ဝန်ဆောင်မှုပေးနေရသော ဝန်ထမ်းများသည် နွေးနွေးထွေးထွေးနှင့် လေးစားစွာ ဆက်ဆံခြင်းဖြင့် ပြည်သူတို့၏ စိုးရိမ်ပူပန်မှုနှင့် ကြောက်ရွံ့မှုများကို လျော့နည်းစေပြီး ဘေးကင်းလုံခြုံမှုဖြစ်သည့် ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေပါသည်။ အဆိုပါ ယုံကြည်မှုရရှိရန် အရေးကြီးပြီး အပြန်အလှန် ဆွေးနွေးနိုင်ကာ ကောင်းမွန်သော ဆက်သွယ်မှုကို ဖြစ်ပေါ်စေရန်အတွက် ဝန်ထမ်းများသည် ပြည်သူများ၏ အခြေအနေအကြောင်းအရာ အချက်အလက်များကို ပြည့်ပြည့်စုံစုံ နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။

> **"ပြည်သူများအား ဖော်ရွေစွာပြောဆိုဆက်ဆံခြင်း၏ အဓိကအရေးပါမှုမှာ ယုံကြည်မှုနှင့် နားလည်မှုတည်ဆောက်ခြင်းပင်ဖြစ်သည်။ ပြည်သူများအား ဝန်ဆောင်မှုပေးနေရသော ဝန်ထမ်းများသည် နွေးနွေးထွေးထွေးနှင့် လေးစားစွာဆက်ဆံခြင်းဖြင့် ပြည်သူတို့၏ စိုးရိမ်ပူပန်မှုနှင့် ကြောက်ရွံ့မှုများကိုလျော့နည်းစေပြီး ဘေးကင်းလုံခြုံမှုဖြစ်သည့် ပတ်ဝန်းကျင်ကိုဖြစ်ပေါ်စေပါသည်။ အဆိုပါယုံကြည်မှုရရှိရန် အရေးကြီးပြီး အပြန်အလှန်ဆွေးနွေးနိုင်ကာ ကောင်းမွန်သော ဆက်သွယ်မှုကို ဖြစ်ပေါ်စေရန်အတွက် ဝန်ထမ်းများသည် ပြည်သူများ၏ အခြေအနေအကြောင်းအရာ အချက်အလက်များကို ပြည့်ပြည့်စုံစုံ နားလည်သဘောပေါက်ရန်လိုအပ်"**

**ပြည်သူများ၏ စိတ်ကျေနပ်မှုရရှိရန် ဆောင်ရွက်ခြင်း**

ပြည်သူများ စိတ်ကျေနပ်မှုရရှိခြင်းသည် ကောင်းမွန်သော လူမှုဆက်ဆံရေးစနစ်အတွက် မရှိမဖြစ် လိုအပ်သော စံသတ်မှတ်ချက်တစ်ခု ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ရိုင်းပင်းကူညီမှုများသည် ပြည်သူများ၏ စိတ်ကျေနပ်မှုကိုရရှိရန် ပိုမိုစွမ်းဆောင်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ပြည်သူလူထုနှင့်ဆက်ဆံရာတွင် ဆောင်ရွက်နေရသော ဝန်ထမ်းများသည် ပြည်သူများအား အချိန်ပေး၍ နားထောင်ပေးရန်၊ ရှင်းလင်းပြတ်သားစွာ ပြောကြားပေးရန်နှင့် ပြည်သူများ၏ လူမှုစီးပွားအတွက် စိုးရိမ်ပူပန်မှုများကို လျော့နည်းအောင် ဆောင်ရွက်ပေးခြင်းဖြင့် အပြုသဘောဆောင်သော ပတ်ဝန်းကျင်တစ်ခုကို ဖြစ်ထွန်းစေပါသည်။ အဆိုပါ စိတ်ကျေနပ်မှုသည် ကောင်းမွန်သော လူမှုဆက်ဆံရေးစနစ်တစ်ခုကို ထင်ဟပ်စေရုံသာမက ပြည်သူတစ်ဦးချင်းစီ၏ လူမှုဘဝတစ်ခုလုံးကိုပါ သက်ရောက်မှုရှိပါသည်။ စိတ်ကျေနပ်မှုရှိသော ပြည်သူများသည် ၎င်းတို့၏ နေ့စဉ်ကြုံတွေ့နေရသော လူမှုပတ်ဝန်းကျင်တွင် ကောင်းမွန်သော ပတ်ဝန်းကျင်ကောင်း ဖြစ်ထွန်းစေပါသည်။

> **"ပြည်သူလူထုနှင့်ဆက်ဆံရာတွင် ဆောင်ရွက်နေရသောဝန်ထမ်းများသည် ပြည်သူများအားအချိန်ပေး၍ နားထောင်ပေးရန်၊ ရှင်းလင်းပြတ်သားစွာ ပြောကြားပေးရန်နှင့် ပြည်သူများ၏ လူမှုစီးပွားအတွက် စိုးရိမ်ပူပန်မှုများကို လျော့နည်းအောင် ဆောင်ရွက်ပေးခြင်းဖြင့် အပြုသဘောဆောင်သော ပတ်ဝန်းကျင်တစ်ခုကို ဖြစ်ထွန်းစေပါသည်။ အဆိုပါစိတ်ကျေနပ်မှုသည် ကောင်းမွန်သော လူမှုဆက်ဆံရေးစနစ်တစ်ခုကို ထင်ဟပ်စေရုံသာမက ပြည်သူတစ်ဦးချင်းစီ၏ လူမှုဘဝတစ်ခုလုံးကိုပါ သက်ရောက်မှုရှိပါသည်။ စိတ်ကျေနပ်မှုရှိသော ပြည်သူများသည် ၎င်းတို့၏ နေ့စဉ်ကြုံတွေ့နေရသော လူမှုပတ်ဝန်းကျင်တွင် ကောင်းမွန်သော ပတ်ဝန်းကျင်ကောင်း ဖြစ်ထွန်းစေ"**

**စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှု**

ပြည်သူလူထုအား ဝန်ဆောင်မှုပေးရာတွင် စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှု ရှုထောင့်များကို လေ့လာသုံးသပ်လျှင် ၎င်းအကျိုးသက်ရောက်မှုများသည် ပြည်သူများ၏ လူမှုဘဝကောင်းမွန်ရေးအတွက် လွန်စွာအရေးကြီးလှပါသည်။ အထူးသဖြင့် ယနေ့ကြုံတွေ့နေရသော စိတ်ဖိစီးမှုဖြစ်စေသည့် ပတ်ဝန်းကျင်များတွင် ဖော်ရွေစွာပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရား ထားရှိခြင်းတို့သည် ပြည်သူများ၏ စိုးရိမ်ပူပန်မှုနှင့် ကြောက်ရွံ့မှုများကို လျော့ပါးသက်သာစေပါသည်။ စိတ်ပိုင်းဆိုင်ရာ ဖေးမကူညီခြင်းဖြင့် ပြည်သူများ၏ မမျှော်လင့်နိုင်သော အခြေအနေတစ်ခုအပေါ် ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းအားကို မြှင့်တင်ပေးနိုင်သည့်အပြင် လူမှုဘဝပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်ထွန်းစေရေး အထောက်အပံ့ဖြစ်စေပြီး ပြည်သူများ၏ စိတ်ကျန်းမာရေးကို ကောင်းမွန်လာစေပါသည်။

**ကျင့်ဝတ်ဆိုင်ရာလိုက်နာဆောင်ရွက်မှု**

ပြည်သူများကို အပြန်အလှန်အလေးထားမှုနှင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ တန်ဖိုးထားပြီး ဆက်ဆံပေးရန် တာဝန်ရှိပါသည်။ သက်ဆိုင်ရာ လုပ်ငန်းကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါသည်။ အဆိုပါ ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ၎င်းတို့ ထိန်းသိမ်းစောင့်ရှောက်ရမည့် ကိုယ်ကျင့်တရားများကို လိုက်နာဆောင်ရွက်ခြင်းဖြစ်ပြီး ပြည်သူတစ်ဦးချင်းစီ၏ စိတ်ခံစားမှုကိုသာမက လူမှုပတ်ဝန်းကျင်စနစ်တစ်ခု၏ ဂုဏ်သိက္ခာကိုပါ မြှင့်တင်ရာရောက်ပါသည်။

**ကြုံတွေ့ရမည့်စိန်ခေါ်မှုများ ဖြေရှင်းခြင်း**

ဖော်ရွေစွာ ပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရားထားရှိခြင်းတို့ဖြင့် ပြုမူဆောင်ရွက်ပါက ကောင်းမွန်သော ရလဒ်များရရှိသော်လည်း လက်တွေ့ဆောင်ရွက်ပေးရာတွင် အခက်အခဲစိန်ခေါ်မှုများနှင့် ကြုံတွေ့ရလေ့ရှိပါသည်။ သို့ဖြစ်၍ လူမှုဆက်ဆံရေးကောင်းမွန်သော ပတ်ဝန်းကျင်ဖြစ်ပေါ်စေရန် ဝန်ထမ်းများကို မွမ်းမံသင်တန်းများပို့ချခြင်း၊ သင့်တင့်မျှတသော ဝန်ထမ်းများ ဖြည့်ဆည်းတာဝန်ပေးခြင်းနှင့် ကောင်းမွန်ပြီး ပျော်ရွှင်ဖွယ်ကောင်းသော လုပ်ငန်းခွင်ဖြစ်စေရန် ဖြည့်ဆည်းဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ ဝန်ထမ်းတစ်ဦးချင်း လူမှုဆက်ဆံရေးစွမ်းရည် တိုးတက်လာစေရန်အတွက် လည်းကောင်း၊ ပြည်သူများနှင့် သဟဇာတဖြစ်စေရန်အတွက်လည်းကောင်း အလေ့အကျင့်ကောင်းများရရှိအောင် ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ပြည်သူများအား ဖော်ရွေစွာ ပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရားထားရှိခြင်းတို့ဖြင့် ပြောဆိုဆက်ဆံခြင်းသည် ကောင်းမွန်သော လူမှုပတ်ဝန်းကျင်တစ်ခု ဖြစ်ပေါ်စေရေးအတွက် မရှိမဖြစ်လိုအပ်ပါသည်။ တစ်ဦးပေါ်တစ်ဦး အပြန်အလှန်နားလည်ယုံကြည်မှုကို တည်ဆောက်ပြီး ပြည်သူများ၏ စိတ်ကျေနပ်မှု ရရှိအောင် ဆောင်ရွက်နိုင်ပြီး ကိုယ်စိတ်နှလုံး ချမ်းသာသုခကို ရရှိစေပါသည်။

နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲလာသည့် လူမှုပတ်ဝန်းကျင်တွင် ကရုဏာတရား လက်ကိုင်ထား၍ ဆောင်ရွက်ပေးခြင်းသည် ကောင်းမွန်သော အလေ့အကျင့်ကို ဖြစ်ပါသည်။ ဖော်ရွေစွာပြောဆိုဆက်ဆံခြင်း၊ စာနာတတ်ခြင်းနှင့် ကရုဏာတရားထားရှိခြင်းတို့ကို လက်ကိုင်ထားပြီး ပြည်သူတစ်ဦးချင်းစီ၏ အတွေ့အကြုံ ခံစားမှုများအား တန်ဖိုးထားကာ ပြည်သူလူထု၏ လူမှုဘဝရှုထောင့်အမျိုးမျိုးမှ နေ၍ အထောက်အပံ့ဖြစ်စေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ဒီဇင်ဘာလနောက်ဆုံးပတ် သို့မဟုတ် ဇန်နဝါရီလဆန်းပိုင်းတွင် ကိုရီးယားဘာသာအရည်အချင်းစစ် စာမေးပွဲနှင့် Skills Test အောင်မြင်ပြီးသူများအား အလုပ်လျှောက်လွှာခေါ်ယူမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ဒီဇင်ဘာလ နောက်ဆုံးရက်သတ္တပတ် သို့မဟုတ် လာမည့်နှစ် ဇန်နဝါရီလဆန်းပိုင်းတွင် ၂၀၂၄ ခုနှစ် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ (EPS-TOPIK) နှင့် Skills Test (ကုန်ထုတ်လုပ်ငန်းပထမအသုတ်နှင့် ဝန်ဆောင်မှုလုပ်ငန်း အုပ်စု-၁) အောင်မြင်ပြီးသူများအား အလုပ်လျှောက်လွှာခေါ်ယူခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီက အသိပေးကြေညာထားသည်။

အဆိုပါကြေညာချက်၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးရက်သတ္တပတ် သို့မဟုတ် ၂၀၂၅ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် ဆောင်ရွက်မည်ဖြစ်၍ ကျန်းမာရေးဂရုပြုကြရန်နှင့် နိုင်ငံကူးလက်မှတ်စာအုပ် သက်တမ်းအနည်းဆုံး တစ်နှစ်အထက်ရှိရန်လိုအပ်ကြောင်း အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ POEA- EPS က အသိပေးကြေညာချက်တွင်ပါရှိသည်။

(၁၆)ကြိမ်မြောက် ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ ကုန်ထုတ်လုပ်ငန်း ပထမအသုတ်အောင်မြင်သူ ၅၃၇၇ ဦးနှင့် ဝန်ဆောင်မှုလုပ်ငန်း (အုပ်စု-၁) အောင်မြင်သူ ၇၁ ဦး၏ စာရင်းကို အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ဒီဇင်ဘာ ၃ ရက်က အသိပေးထုတ်ပြန်ကြေညာခဲ့ပြီး (၁၆)ကြိမ်မြောက် ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲတွင် မြန်မာနိုင်ငံမှလုပ်သားများအား ကိုရီးယားသမ္မတနိုင်ငံရှိ ဝန်ဆောင်မှုလုပ်ငန်းအတွက် တိုးချဲ့ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် စာမေးပွဲလျှောက်လွှာတင်သွင်းသူများအနက် ကိုရီးယားဘာသာအရည်အချင်းစစ်ဆေးခြင်း ( EPS-TOPIK)ကုန်ထုတ်လုပ်ငန်း (ဒုတိယအသုတ်) စာမေးပွဲကို ၂၀၂၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဖြေဆိုရမည်ဖြစ်ပြီး HRD-Korea မှ အချိန်ဇယားပေးပို့လာပါက ဆက်လက်ကြေညာပေးမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

MT

# ပဲခူးတိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




ပဲခူး ဒီဇင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၁၄)ကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ရခြင်းဖြစ်၍ တိုင်းဒေသကြီးကော်မတီအနေဖြင့် ပိတ်သိမ်းသင့်သည့်အမှုတွဲများ အပြီးသတ်ပိတ်သိမ်းနိုင်ရေးနှင့် သိမ်းဆည်းခံ မူလပိုင်ရှင်များထံ လက်ဝယ်ပြန်လည်ရရှိရေး ချမှတ်ထားသည့် မူဝါဒ ၅၂ ချက်နှင့်အညီ စိစစ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြန်လည်စွန့်လွှတ်သည့် မြေများကို သက်ဆိုင်သူလက်ဝယ်သို့ လုပ်ငန်းစဉ်(၉)ရပ်နှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပြီး သိမ်းဆည်းခံလယ်ယာမြေနှင့် အခြားမြေများ ပြန်လည်လျှောက်ထားမှုများနှင့်ပတ်သက်၍ ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်နောက်ပိုင်း မြေသိမ်းဆည်းမှုများကိုသာ စိစစ်ဖြေရှင်းပေးရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး တိုင်းဒေသကြီး လယ်ယာမြေနှင့် စာရင်းအင်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက သိမ်းဆည်းခံလယ်ယာမြေများနှင့် ပတ်သက်၍ အောက်ခြေအဆင့်ထိ ဖြေရှင်းဆောင်ရွက်ပြီးဖြစ်သည့် အမှုတွဲ(၄၈)တွဲကို ပိတ်သိမ်းနိုင်ရေး ကွင်းဆင်းစိစစ်ချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာသည့် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက တင်ပြစာပါအမှုတွဲ (၄၈)တွဲ၏ အောက်ခြေမြေပြင်တွင် ကွင်းဆင်းဖြေရှင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သုံးသပ်တင်ပြခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မိုင်းတုံ-တာဆန်း-တောင်ကြီးသွားကားလမ်းရှိ နမ့်တုံချောင်းကူးတံတား ပြန်လည်ပြင်ဆင်နေမှု သွားရောက်ကြည့်ရှု

နေပြည်တော် ဒီဇင်ဘာ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံ-တာဆန်း-တောင်ကြီးသွားကားလမ်း မိုင်တိုင်အမှတ် ၁၄၆/၁၄၇ ကြားရှိ နမ့်တုံချောင်းကူးတံတား တံတားအမှတ် (၃/၂၆)တံတား အရှည် ၂၆ ပေရှိ သံကူကွန်ကရစ်တံတားသည် စက်တင်ဘာ ၁၀ ရက်တွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျချောင်းရေများ စီးဆင်းမှုကြောင့် ရေတိုက်စားကာ ပျက်စီးသွားခဲ့သည်။

## ဖြတ်သန်းသွားလာနိုင်မည်

အဆိုပါပျက်စီးသွားသော တံတားနေရာတွင် အရှည်ပေ ၉၀ ရှိ သံပေါင်ဘေလီ နှစ်လွှာတစ်ထပ်တံတားကို နိုဝင်ဘာ ၂၄ ရက်မှစတင်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့ ၁၂ က နေ့/ညမပြတ် ပြန်လည်ဆောက်လုပ်လျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက်တွင် ပြီးစီးမည်ဖြစ်ပြီး မိုင်းတုံ-တာဆန်း-တောင်ကြီးလမ်းကို ယာဉ်ကြီး၊ ယာဉ်ငယ်များ ပုံမှန်



အတိုင်း ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များက ယမန်နေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

## ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းတုံမြို့နယ်၌ စက်တင်ဘာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးစပါး ၈၆၈ ဧက ပျက်စီးသွားခဲ့ပြီး ၎င်းပျက်စီးသွားခဲ့သည့် စိုက်ပျိုးမြေနေရာတွင် ဆောင်းသီးနှံ ၃၁၁ ဧက အစားထိုး စိုက်ပျိုးထားရှိမှု အခြေအနေနှင့် နမ့်တုံချောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် သဲနုန်းများပြန်လည်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်နည်းပညာတက္ကသိုလ်၏ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၃

တပ်မတော်နည်းပညာတက္ကသိုလ်၏ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် အေးမင်းဦး၊ တပ်မတော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ် သောင်းနိုင်၊ တပ်မတော်နည်းပညာတက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များနှင့် ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များ ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီးနောက် နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖွင့်လှစ်သည်။



## ကတိခံဝန်မှုပြု

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိခံဝန်မှုပြုခြင်းကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က အင်ဂျင်နီယာပါရဂူဘွဲ့သင်တန်းအမှတ်စဉ် (၈)မှ အင်ဂျင်နီယာပါရဂူဘွဲ့ရရှိသူ သင်တန်းသားအရာရှိ ၁၂ ဦး၊ အင်ဂျင်နီယာပညာသင်ကြားရေးဒီပလိုမာ သင်တန်းအမှတ်စဉ်(၉)မှ အင်ဂျင်နီယာပညာ သင်ကြားရေးဒီပလိုမာရရှိသူ သင်တန်းသားအရာရှိ ရှစ်ဦးနှင့် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၂၆)မှ အင်ဂျင်နီယာဘွဲ့ရရှိသူ ၁၁၁ ဦး စုစုပေါင်း ၁၃၁ ဦး တို့အား သက်ဆိုင်ရာ ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းပြီး အဝေးရောက်ဘွဲ့များအဖြစ် အင်ဂျင်နီယာပါရဂူဘွဲ့၊ မဟာအင်ဂျင်နီယာဘွဲ့နှင့် အင်ဂျင်နီယာဘွဲ့လွန် ဒီပလိုမာတို့ကိုလည်း ဆက်လက်အပ်နှင်းသည်။

ယင်းနောက် ပါမောက္ခချုပ်က ဘွဲ့ရရှိသူများအား ဘွဲ့များနှင့်လျော်ညီသော အမှတ်လက္ခဏာဖြစ်သည့် ဝတ်စုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

၎င်းနောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်းကြေညာကာ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

တပ်မတော် နည်းပညာတက္ကသိုလ်အနေဖြင့် ပထမအကြိမ် ဘွဲ့နှင်းသဘင်မှ ယခု(၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိ အင်ဂျင်နီယာဘွဲ့ရအရာရှိ ၇၇၅၃ ဦး၊ အင်ဂျင်နီယာမဟာဒဿနဘွဲ့ရ ငါးဦး၊ အင်ဂျင်နီယာပညာသင်ကြားရေးဒီပလိုမာ ဘွဲ့ရ ၁၃၅ ဦး၊ အင်ဂျင်နီယာဘွဲ့လွန်ဒီပလိုမာဘွဲ့ရ ၄၉၈ ဦး၊ မဟာအင်ဂျင်နီယာဘွဲ့ရ ၆၄၀ နှင့် အင်ဂျင်နီယာပါရဂူဘွဲ့ရ ၁၇၆ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဂုဏ်ထူးဆောင်အင်ဂျင်နီယာပါရဂူဘွဲ့ရ နှစ်ဦးကိုလည်း ဘွဲ့များအပ်နှင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၁၃

တနင်္သာရီတိုင်း ဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# ကမ္ဘောဒီးယားနိုင်ငံ O SMACH မြို့၌အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား လေးဦးအား ပြန်လည်ခေါ်ဆောင်

ရန်ကုန် ဒီဇင်ဘာ ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ O SMACH မြို့၌အလုပ်လုပ်ကိုင်စဉ် အခက်အခဲများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မသဇင်မျိုးညွန့်အပါအဝင် နိုင်ငံသား လေးဦးတို့ကို အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးသည် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့မှ ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။



နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားများ ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရပါက မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ပြန်လည်ရောက်ရှိလာသည့် နိုင်ငံသားများနှင့် မိဘဆွေမျိုးများသည် ယခုကဲ့သို့ကူညီဆောင်ရွက်ပေးမှုအတွက် နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာအထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ **ညိမ်းသူ(သတင်းစဉ်)၊**

**ဓာတ်ပုံ – ကနူး**

# မတ္တရာမြို့နယ်ရှိ စကျင်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကလေးငယ် တစ်ဦးအပါအဝင် ပြည်သူ သုံးဦးသေဆုံးပြီး ကျေးရွာများကို ဆက်တိုက်မီးရှို့ဖျက်ဆီးနေဟု မဟုတ်မမှန်ဖြန့်ဝေ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ စကျင်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကလေးငယ် တစ်ဦးအပါအဝင် ပြည်သူ သုံးဦး သေဆုံးပြီး ကျေးရွာများကို ဆက်တိုက် မီးရှို့ဖျက်ဆီးနေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသား ဖြန့်ဝေနေကြောင်း သိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ အဆိုပါ ကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းမျိုး မရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းစုဝေးနေသောနေရာများကိုသာ နယ်မြေရှင်းလင်းဆောင်ရွက်လျက် ရှိကြောင်း၊ ကျေးရွာများကို အကြောင်းမဲ့မီးရှို့ဖျက်ဆီးခြင်း မရှိကြောင်း၊ အကြမ်းဖက်နှိမ်နင်းရေး လုပ်ငန်းစဉ်များကိုလည်း လုပ်ထုံးလုပ်နည်းအတိုင်း ဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊




အကြမ်းဖက်အဖွဲ့များအနေဖြင့် ၎င်းတို့အပေါ် ထောက်ခံအားပေးမှု မရှိသည့် ပြည်သူများကို အကြောက်တရားဖြင့် အုပ်ချုပ်မှု ရယူနိုင်ရန်အတွက် ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများအား ရက်ရက်စက်စက်သတ်ဖြတ်ခြင်းများကို ဥပဒေမဲ့ဆောင်ရွက်လျက်ရှိပြီး တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် နယ်မြေအေးချမ်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်နေသော လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူများက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေခြင်းသာ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၁၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၄၀ | ၃၀၅၅ | ၃၁၂၀ | ၃၀၅၅ | ၃၁၆၀ | ၃၁၇၅ | ၃၁၉၅ | ၃၁၀၀ | ၄၅၀၅ | ၃၄၀၅ | ၃၁၃၀ | ၃၁၃၀ | ၃၂၀၀ | ၃၁၆၅ | ၃၁၉၀ | ၃၄၄၅ | ၃၉၅၀ |
| 95 Ron | ၃၁၅၀ | ၃၂၆၅ | ၃၂၃၀ | ၃၁၆၅ | ၃၂၇၀ | ၃၂၈၅ | ၃၃၀၅ | ၃၂၂၀ | ၄၅၆၀ | ၃၅၁၅ | ၃၂၄၀ | ၃၂၄၀ | ၃၃၁၀ | ၃၂၇၅ | ၃၃၀၀ | ၃၅၅၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၅၉၀ | ၂၇၀၅ | ၂၆၇၀ | ၂၆၀၅ | ၂၇၁၀ | ၂၇၂၅ | ၂၇၄၀ | ၂၆၆၀ | - | ၂၉၅၅ | ၂၆၈၀ | ၂၆၈၀ | ၂၇၅၀ | ၂၇၁၅ | ၂၇၃၅ | ၂၉၉၅ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၁၀ | ၃၃၂၅ | ၃၂၉၀ | ၃၂၂၅ | ၃၃၃၀ | ၃၃၄၅ | ၃၃၆၅ | ၃၂၈၀ | ၄၈၃၀ | ၃၅၇၅ | ၃၃၀၀ | ၃၃၀၀ | ၃၃၇၀ | ၃၃၃၅ | ၃၃၅၅ | ၃၆၁၅ | - |
| HSD (10 ppm) | ၃၂၁၀ | ၃၃၂၅ | ၃၂၉၀ | ၃၂၂၅ | ၃၃၃၀ | ၃၃၄၅ | ၃၃၆၅ | ၃၂၈၀ | - | ၃၅၇၅ | ၃၃၀၀ | ၃၃၀၀ | ၃၃၇၀ | ၃၃၃၅ | ၃၃၅၅ | ၃၆၁၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၇၁ | ၂၉၆၂ |
| 95 Ron | ၂၉၇၇ | ၃၀၇၁ |
| HSD (500 ppm) | ၂၄၃၃ | ၂၅၁၁ |
| HSD (50 ppm) | ၃၀၃၅ | ၃၁၂၅ |
| HSD (10 ppm) | ၃၀၃၅ | ၃၁၂၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# လူနှင့် တောဆင်အကြားပဋိပက္ခ လျော့နည်းစွာ နေထိုင်နိုင်ရေး အသိပညာပေး ဟောပြော

ရန်ကုန် ဒီဇင်ဘာ ၁၃

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနနှင့် လူနှင့်ဆင်သင့်မြတ်ရေးအဖွဲ့ (Growth Back for Posterity–GBP) တို့ပူးပေါင်း၍ လူနှင့်တောဆင်တို့အကြား ပဋိပက္ခလျော့နည်းစွာ နေထိုင်နိုင်ရေး အသိပညာပေးဟောပြောပွဲကို လှည်းကူးမြို့နယ် ပုတ်သင်ညိုကျေးရွာအုပ်စု တောင်ထပ်ကျေးရွာ၌ ဒီဇင်ဘာ ဒုတိယပတ်က ပြုလုပ်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် တောဆင်ရိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရာတွင် လုပ်ဆောင်ရမည့်နည်းလမ်းများ၊ တောဆင်ရိုင်းများနှင့်တွေ့ကြုံလာပါက လုပ်ဆောင်ရမည့်နည်းလမ်းများကို ပုတ်သင်ညိုကျေးရွာနှင့် တောင်ထပ်ကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက အသိပညာပေးဟောပြောပြီး လျှပ်စစ်ခြံစည်းရိုးအသုံးပြု၍ တောဆင်ရိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများကို လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုထက်**

✦ **e–Visa မှ**

အားလုံးအတွက် https://www.thaievisa.go.th/တွင်သာ လျှောက်ထားနိုင်တော့မည်ဖြစ်ပြီး e–Visa နှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို အဆိုပါဝက်ဘ်ဆိုက်တွင် ဝင်ရောက်လေ့လာနိုင်ကြောင်းလည်း အသိပေးထားသည်။

e–Visa ဖြင့် ဗီဇာလျှောက်လွှာများတင်သွင်းပြီးပါက ဗီဇာကြေး (USD ငွေသား)အား ထိုင်းသံရုံးဗီဇာကောင်တာ၌ ချိန်းဆိုထားသောရက်တွင် နံနက် ၉ နာရီမှ ၁၁ နာရီခွဲအတွင်း လာရောက်ပေးသွင်းနိုင်ပြီး သံရုံးမှ ဗီဇာကြေးပေးချေရန်အတွက် အွန်လိုင်းဘိုကင်စနစ်နှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို ထပ်မံကြေညာပေးသွားမည်ဟု ဖော်ပြထားသည်။

ဗီဇာလျှောက်ရန် လိုအပ်သောစာရွက်စာတမ်းများကို တင်ပြ၍ ဗီဇာကြေးလာရောက်ပေးသွင်းပြီးပါက e–Visa စနစ်တွင် ဗီဇာလျှောက်လွှာများအားအကဲဖြတ်ရန် ၁၁ ရက်မှ ၁၅ ရက်ခန့်ကြာမြင့်မည်ဖြစ်ပြီး ဗီဇာလျှောက်ထားသူများသည် စာရွက်စာတမ်းများအပြည့်အစုံ မတင်သွင်းခြင်း (သို့) စာရွက်စာတမ်းအတုများ တင်သွင်းခြင်းများ ပြုလုပ်ပါက အဆိုပါဗီဇာလျှောက်လွှာကို ပယ်ချမည်ဖြစ်ကြောင်း အသိပေးထားသည်။

ဗီဇာလျှောက်လွှာကို အတည်ပြုပြီးပါက လျှောက်ထားသူသည် အတည်ပြုအီးမေးလ်ရရှိမည်ဖြစ်ပြီး အဆိုပါအတည်ပြုအီးမေးလ်ကို လေဆိပ်နှင့်ထိုင်းလဝကအား ပြသရန် ပရင့်ထုတ်ယူထားရမည်ဖြစ်ကြောင်းပါရှိသည်။

လက်ရှိတွင် https://www. thaiconsularyangon.com/visa ဖြင့် ဗီဇာရက်ချိန်းရယူသူများအား ဒီဇင်ဘာ ၂၄ ရက်အထိသာ လျှောက်လွှာများကို လက်ခံသွားမည်ဖြစ်ပြီး၊ e–Visa စနစ် အပြောင်းအလဲပြုလုပ်ခြင်းပြင်ဆင်ရန်အတွက် ဒီဇင်ဘာ ၂၅ ရက်မှ ၃၁ ရက်အထိ ဗီဇာလျှောက်လွှာများ လက်ခံတော့မည်မဟုတ်ကြောင်းကိုလည်း အသိပေးထားသည်။

**MT**

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် သမ္မတ ရှီကျင့်ဖျင်ကို ဖိတ်ကြား



**ဝါရှင်တန် ဒီဇင်ဘာ ၁၃**

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်သည် ဇန်နဝါရီ ၂၀ ရက်တွင် ဝါရှင်တန်ဒီစီမြို့တော်၌ ပြုလုပ်မည့် ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင်အား ဖိတ်ကြားခဲ့ကြောင်း သိရသည်။

သို့သော် သမ္မတ ရှီကျင့်ဖျင်သည် အဆိုပါအခမ်းအနားသို့ တက်ရောက်ရန် သမ္မတထရမ့်၏ ဖိတ်ကြားချက်ကို လက်ခံခြင်း ရှိ၊ မရှိ ရှင်းလင်းစွာမသိရသေးပေ။

သမ္မတရွေးကောက်ပွဲတွင် ထရမ့်အနိုင်ရပြီးနောက် နိုဝင်ဘာလအစောပိုင်းတွင် သမ္မတ ရှီကျင့်ဖျင်ထံ ဖိတ်ကြားချက်ကို ပေးပို့ခဲ့ကြောင်း ဒေသတွင်း မီဒီယာများက သတင်းဖော်ပြသည်။

ရွေးကောက်ခံသမ္မတ ထရမ့်၏ အသွင်ကူးပြောင်းရေးအဖွဲ့သည် ကျမ်းသစ္စာကျိန်ဆိုပွဲသို့ အခြားနိုင်ငံ့ခေါင်းဆောင်များကိုလည်း ဖိတ်ကြားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ထရမ့်သည် မူးယစ်ဆေးဝါး ပြဿနာများကို ဖြေရှင်းရန် အစီအစဉ်များနှင့်ပတ်သက်၍ သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်များကို ဒီဇင်ဘာ ၈ ရက်တွင် ပြုလုပ်သည့် NBC ရုပ်မြင်သံကြားနှင့် အင်တာဗျူးတွင် ပြန်လည်သုံးသပ် ပြောကြားခဲ့ကြောင်း သိရသည်။

သမ္မတ ရှီကျင့်ဖျင်နှင့် ကောင်းမွန်သော ဆက်ဆံရေးရှိကြောင်းနှင့် မူးယစ်ဆေးဝါးဆိုင်ရာ ကိစ္စရပ်ရပ်များကို ကိုင်တွယ်ဖြေရှင်းရန် သဘောတူညီမှု ရရှိခဲ့ကြောင်း ထရမ့်က ပြောသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ဖိလစ်ပိုင်နိုင်ငံ၌ ခန်လွန်မီးတောင် ပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်ရှိ ဒေသခံ ၄၅၀၀၀ ကျော် ဘေးလွတ်ရာသို့ ပြောင်းရွှေ့

**မနီလာ ဒီဇင်ဘာ ၁၃**

ဖိလစ်ပိုင်နိုင်ငံ၌ ခန်လွန်မီးတောင် ပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံ ၄၅၀၀၀ ကျော်ကို ဖိလစ်ပိုင်အစိုးရက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ဖိလစ်ပိုင်သမ္မတ မားကို့စ်ဂျူနီယာက ပြောကြားသည်။

မီးတောင်မှ ခြောက်ကီလိုမီတာ အန္တရာယ်ဇုန်အတွင်း နေထိုင်လျက်ရှိသည့် ဒေသခံများကို ပြောင်းရွှေ့ပေးခဲ့ခြင်းဖြစ်ကြောင်း မားကို့စ်ဂျူနီယာက ဆက်လက်ပြောကြားသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ၌ မီးခိုးပြာများဖုံးလွှမ်းခဲ့ပြီး ရေအရင်းအမြစ်များတွင်လည်း ညစ်ညမ်းမှုများ ဖြစ်ပေါ်စေခဲ့သည့်အတွက် ဒေသခံများကို ကူညီပေးမည်ဖြစ်ကြောင်း သမ္မတ မားကို့စ်ဂျူနီယာက ပြောသည်။

ဖိလစ်ပိုင်အလယ်ပိုင်း နီဂရော့စ်ကျွန်းရှိ နီဂရော့စ်အရှေ့ပိုင်းနှင့် နီဂရော့စ်အက်ဒစ်တဲလ်ပြည်နယ်များကို သွယ်တန်းနေသည့်ခန်လွန်မီးတောင်သည် ဒီဇင်ဘာ ၉ ရက် မွန်းလွဲပိုင်းတွင် မီးခိုးပြာများကို ကောင်းကင်ယံအထက်မီတာ၄၀၀၀ ကျော်အထိ မှုတ်ထုတ်ခဲ့သည်။

ဖိလစ်ပိုင် မီးတောင်နှင့် ငလျင်ဗေဒ အင်စတီကျုက မီးတောင်ပေါက်ကွဲမှုများ ပိုမိုဖြစ်ပွားနိုင်သည်ဟုသတိပေးထားပြီး အန္တရာယ်ဇုန်အတွင်းနှင့် အနီးဝန်းကျင်တွင် နေထိုင်သူများကို ဘေးကင်းရာသို့ ပြောင်းရွှေ့ကြရန် တိုက်တွန်းထားသည်။

သမ္မတ မားကို့စ်ဂျူနီယာသည် ဒေသခံများကို ယာယီရွှေ့ပြောင်းရေးစင်တာများတွင် ပြောင်းရွှေ့နေထိုင်ကြရန်နှင့် နောက်ဆုံးရသတင်းများကိုမူ မျက်ခြည်မပြတ်စောင့်ကြည့်ရန် တိုက်တွန်းပြောကြားသည်။

ခန်လွန်မီးတောင်သည် နိုင်ငံအတွင်းရှိ သက်ဝင်လှုပ်ရှားသော မီးတောင် ၂၄ ခုအနက် တစ်ခုဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း၌ အထွေထွေရောဂါကုဆေးရုံ ၁၁၈ ရုံ တည်ဆောက်မည်

**ကဘူး ဒီဇင်ဘာ ၁၃**

အာဖဂန်အိမ်စောင့်အစိုးရ၏ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်း၌ အထွေထွေရောဂါကုဆေးရုံ၁၁၈ရုံတည်ဆောက်မည်ဖြစ်ကြောင်း ယနေ့ ကြေညာသည်။

အမေရိကန်ဒေါ်လာ ၈၆ သန်းခန့်တန်ဖိုးရှိသော အဆိုပါဆေးရုံများကို ပြည်တွင်းဘဏ္ဍာငွေထောက်ပံ့မှုဖြင့် အကုန်အကျခံ တည်ဆောက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

လာမည့်နှစ်အတွင်း အဆိုပါဆေးရုံများကို ဆောက်လုပ်ပြီးစီးမည်ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အာဖဂန် အိမ်စောင့်အစိုးရသည် နိုင်ငံတစ်ဝန်း၌ ဆေးရုံများနှင့် ကျန်းမာရေးဆေးခန်းများ ပိုမိုတည်ဆောက်ခြင်းဖြင့် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# Apple ကုမ္ပဏီက iPhone 16 မော်ဒယ်ကို အင်ဒိုနီးရှားနိုင်ငံ၌ ဈေးကွက်ဝင်ရောက်ခွင့်ရရှိရန် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ရင်းနှီးမြှုပ်နှံ

**ဂျကာတာ ဒီဇင်ဘာ ၁၃**




Apple ကုမ္ပဏီသည် ကမ္ဘာ့စတုတ္ထ လူဦးရေအများဆုံးနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၌ ၎င်း၏ နောက်ဆုံးထုတ် iPhone 16 မော်ဒယ်အတွက် ဈေးကွက်ဝင်ရောက်ခွင့်ရရှိရန် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ရင်းနှီးမြှုပ်နှံရန် သဘောတူညီခဲ့ကြောင်း သိရသည်။

Apple ကုမ္ပဏီနှင့် အင်ဒိုနီးရှား ရင်းနှီးမြှုပ်နှံရေး ဝန်ကြီးဌာနတို့အကြား အဆိုပြုထားသော အဆိုပါ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံအတွင်းရှိ ဖုန်းရောင်းချသည့် ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အလေးပေးဆောင်ရွက်လျက်ရှိကြောင်း အင်ဒိုနီးရှား ရင်းနှီးမြှုပ်နှံမှုဝန်ကြီး ရိုဆန်ရိုဆလာနီက ပြောကြားသည်။

Apple သည် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုကို ၂၀၂၆ ခုနှစ်တွင် စတင်ရန် စီစဉ်ထားသော်လည်း အင်ဒိုနီးရှားအစိုးရက Apple ကုမ္ပဏီအား အစောပိုင်းတွင် စတင်ရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

Apple သည် အင်ဒိုနီးရှားနိုင်ငံ၌ iPhone 16 မော်ဒယ်ကို နိုင်ငံ၏ ဒေသဆိုင်ရာ အကြောင်းအရာလိုအပ်ချက်များနှင့် မကိုက်ညီသောကြောင့် ရောင်းချခွင့်မပြုခဲ့ကြောင်း ယခင်က သတင်းများ ထွက်ပေါ်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**




# ဆိုရှယ်မီဒီယာကုမ္ပဏီကြီး မီတာ (Meta) က ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားကျင်းပရန် အမေရိကန် ဒေါ်လာ တစ်သန်းလှူဒါန်း

**ဝါရှင်တန် ဒီဇင်ဘာ ၁၃**

ဖေ့ဘွတ်နှင့် အင်စတာဂရမ်တို့ကို ပိုင်ဆိုင်သော ဆိုရှယ်မီဒီယာကုမ္ပဏီကြီး မီတာ (Meta) သည် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်၏ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနား ကျင်းပရန်အတွက် အမေရိကန်ဒေါ်လာတစ်သန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းသို့ လှူဒါန်းခြင်းသည် ဒေါ်နယ်ထရမ့် အစိုးရလက်ထက်တွင် ဆိုရှယ်မီဒီယာအသုံးပြုမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရာတွင် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီတည်ထောင်သူ မာ့ခ်ဇူကာဘတ်သည် ထရမ့်နှင့် နီးကပ်စွာ လုပ်ကိုင်လိုသည့် ဆန္ဒကို ထုတ်ဖော်ပြသခြင်းဖြစ်သည်ဟု မီဒီယာများက သတင်းဖော်ပြသည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် အမေရိကန် လွှတ်တော်အဆောက်အအုံကို ထရမ့်အားထောက်ခံသူများက ဝင်ရောက်စီးနင်းသည့်ဖြစ်စဉ် ဖြစ်ပွားပြီးနောက် သမ္မတဟောင်း ဒေါ်နယ်ထရမ့်၏ အကောင့်များကို မီတာပလက်ဖောင်းပေါ်တွင် တားမြစ်ပိတ်ပင်ခဲ့သည်။

လက်ရှိတွင် ဇူကာဘတ်သည် ထရမ့်အပါအဝင် အခြားသော ရီပတ်ဘလီကန်ခေါင်းဆောင်များနှင့် ဆက်ဆံရေးကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

ထရမ့်သည် မီတာပလက်ဖောင်းကို ပြင်းထန်စွာ ပြစ်တင်ဝေဖန်ခဲ့ပြီး ၎င်း၏ ဝက်ဘ်ဆိုက်ဖြစ်သည့် ဖေ့စ်ဘွတ်ကို "ပြည်သူတို့၏ ရန်သူ" ဟု ယခုနှစ်အစောပိုင်း အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ရန်ကုန်တွင်အခြေချနေထိုင်ပြီး လူလည်းနေစီးပွားရေးလုပ်ရန်အဆင်ပြေသော သုဝဏ္ဏ VIP–2 လမ်းမတန်းလမ်းကျယ်၊ မျက်နှာစာ(70') x ရှေ့နောက်(90')၊ (45' x 50') 2RC တိုက်(1)လုံး၊ (12' x 25') နှစ်ထပ်တိုက်(1)လုံး၊ ဂရန်မြေ၊ Bank ဖွင့်လိုသူများ၊ Showroom ဖွင့်လိုသူများ၊ ကွန်ဒိုဆောက်လိုသူများ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း၊ လမ်းမတန်းတွင် မရနိုင်သောဈေး၊ အလွန်သက်သာသောဈေးနှုန်း။

ကျပ်သိန်း (40,000)

၂။ သာခုကန်၊ အမှတ်(၄)လမ်းမကြီးအနီး၊ သာခုကန်ဘုရားဘေး၊ မြေပိုင်မြေ၊ ပြည်နယ်နှင့် တိုင်းများမှ ရန်ကုန်တွင် အဖွဲ့လိုက်အခြေချနေလိုသူများအတွက် ကေကွက်ကြီး၊ 1Sqft ကို ငွေကျပ် 45,000/– ဈေးဖြင့်ရမည့်ခြံကြီး၊ ပုဂ္ဂလိက ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ ဆေးရုံ ဖွင့်ရန် နေရာကောင်း၊ အိမ်ရာကွက်ဖော်လိုသူများ၊ အပန်းဖြေစခန်းလုပ်ကိုင်လိုသူများ အတွက် စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း။ မြေကေ(15)ကေကျော်။

ကျပ်သိန်း (300,000)

ဖုန်း – 09–5178979, 09–451146685, 09–420005824


**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

### တက္ကသိုလ်နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် စိုက်ပျိုးရေးတက္ကသိုလ်အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား (၂၅) ကြိမ်မြောက် ငွေရတုပူဇော်ကန်တော့ပွဲသို့ တက်ရောက်ရန် နှိုးဆော်ဖိတ်ကြားလွှာ

စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရကျောင်းသားဟောင်းများက ကြီးမှူးကျင်းပသော အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား (၂၅)ကြိမ်မြောက် ငွေရတုပူဇော်ကန်တော့ပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ တပည့်ကျောင်းသားဟောင်းများ တက်ရောက်နိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်–

**အခမ်းအနား အစီအစဉ်**

နေ့ရက် – ၂၄–၁၂–၂၀၂၄ (အင်္ဂါနေ့)
အချိန် – နံနက် (၈)နာရီ
နေရာ – တက္ကသိုလ်စိန်ရတုခမ္မာရုံ

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

**ပူဇော်ကန်တော့ပွဲ ဖြစ်မြောက်ရေးအဖွဲ့**

### အများပြည်သူသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည်–၅၃၅စီ၊ အုတ်ဖိုရိုးမြောက်၊ ဦးပိုင်အမှတ်–၆၇/၂၊ ၆၈/၁၊ မြေဧရိယာ–(၅.၀၀)ဧက အကျယ်အဝန်းရှိ လယ်ယာမြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မင်္ဂလာဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကောက်ခံသည့် မြေစာရင်းပုံစံ (၈)၊ (မြေလပ်ခွန်)ပြေစာ(၁၉၈၈–၈၉)တွင် ဦးသောင်းညိုအမည်ဖြင့်တည်ရှိပြီး ဦးသောင်းညိုနှင့် ဇနီးဒေါ်ပု(ခ) ဒေါ်ကျင်ပုတို့ကွယ်လွန်ခဲ့ကြသဖြင့် ၎င်းတို့၏ သားသမီးအရင်းအချာများဖြစ်ကြသော မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိကြောင်းနှင့် လက်ရှိထားပိုင်ဆိုင်လျက် လက်ရောက်ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူ (၁)ဒေါ်စမ်းယုမော် [၁၂/မဂဒ(နိုင်)၀၉၉၂၂၀]၊ (၂)ဒေါ်အေးအေးမော် [၁၂/မဂဒ(နိုင်) ၁၀၁၅၂၄]နှင့် ဦးဝင်းထွဏ်း (ခ) ဦးဝင်းထွန်း [၁၂/မဂဒ(နိုင်) ၁၂၇၈၁၃]တို့ သုံးဦးထံမှ လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL) | ဒေါ်ခင်မြတ်သူ (H.GP, LL.B, D.M.L) |
| တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၁၉၆) | တရားလွှတ်တော်ရှေ့နေ(စဉ်–၇၅၁၅) |
| အမှတ်–၁၂၊ ၂–လမ်း၊ အရှေ့ကြို့ကုန်း | အမှတ်–၁၂၊ ၂–လမ်း၊ အရှေ့ကြို့ကုန်း |
| အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ | အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖုန်း–၀၉–၅၁၇၁၄၃၃ | ဖုန်း–၀၉–၈၆၃၅၁၂၂၊ ၀၉–၂၅၄၄၈၈၃၃၀ |


ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ကျေးရွာ ဂျာနယ်

ထွက်ရှိ



၁၅–၁၂–၂၀၂၄ ရက်နေ့ထုတ် အတွဲ (၂၁)၊ အမှတ် (၂၄) တွင်
- မြန်မာနိုင်ငံ၏ ဂုဏ်ကိုထင်ဟပ်စေမည့် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်
- ပိုမိုတင်ပို့ရောင်းချနေရသည့် ပန်းခရုဈေးကွက်
- ခေတ်မီရထားတွဲဆိုင်းသစ်များဖြင့် အဆင့်မြှင့်တင်ထားသည့် ရထားပို့ဆောင်ရေးလုပ်ငန်း
- ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော် သတ်မှတ်ခြင်းခံရ
- ပြည်တွင်းထုတ် တာယာများ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရန်ဆောင်ရွက်
- ACMECS ခရီးသွားလုပ်ငန်းချိတ်ဆက်မှု အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်
- ပိုလန်နှင့် အရှေ့အလယ်ပိုင်းနိုင်ငံများမှ မြန်မာ့အထည်ချုပ်စက်ရုံများသို့ လုပ်ငန်းအပ်နှံမှု မြင့်တက်
- အွန်လိုင်းဆိုးကျိုးများက ကလေးငယ်များအား စိတ်ကျရောဂါဖြစ်စေဟု ပညာရှင်များပြောစသည်တို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal


**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

### မြေပေးမိန့်ပျောက်ဆုံးကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေကွက်အမှတ်(ဥ–၂၁၂၂)တွင် နေထိုင်သူ ဦးမြင့်သိန်း၊ ဒုတိယဝန်ကြီး(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ထုတ်ပေးသော ယာယီမြေပေးမိန့်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက လက်ကိုင်ဖုန်း ၀၉–၇၆၃၈၀၀၃၄၅ သို့ ဆက်သွယ်အကြောင်းကြားပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်သိန်း**
**ဖုန်း–၀၉–၇၆၃၈၀၀၃၄၅**

### အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းဝင်း [၁၂/တမန(နိုင်) ၀၁၄၀၇၃] ကိုင်ဆောင်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၂၈၄)တွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

(၁) ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ မီးဒုံးလမ်းတွင်တည်ရှိသော မြေ ဧရိယာ (အလျား ၃၀ပေ x အနံ ၉၀ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တိုက်အမှတ်(၁၀၁)၊ အခန်း (၈)ဟုခေါ်တွင်သည့် Duplex အုတ်ညှပ် (၂)ထပ် တိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး

(၂) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/B)၊ ဗိုလ်ဆွန်ပက်လမ်း၊ မြေကွက်အမှတ် (၄၂၉)၊ အိမ်အမှတ်(၂၈၄)၊ မြေဧရိယာ(၀.၀၅၅)ဧကအကျယ်အဝန်းရှိ နှစ်(၆၀)၊ မြေငှားဂရန် အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC/အုတ်ညှပ် အမျိုးအစားအဆောက်အဦ(၁)လုံး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး–

တို့သည် ခင်ပွန်းဖြစ်သူ ဦးခင်မောင်ဌေး [၁၂/မရက (နိုင်) ၁၀၉၉၅၁] တစ်ဦးတည်းအမည်ဖြင့်သာ ဝယ်ယူခဲ့ခြင်းဖြစ်သော်လည်း ပိုင်ရေးဆိုင်ခွင့်အရပ်ရပ်သည် ဦးခင်မောင်ဌေးနှင့် ၎င်း၏ တစ်ဦးတည်းသော တရားဝင်ဇနီးမယား ဖြစ်သူ ဒေါ်သန်းသန်းဝင်းတို့ လင်မယားနှစ်ဦးတည်းသာ ပိုင်ဆိုင်စီမံခန့်ခွဲ ပိုင်ခွင့်ရှိသူများဖြစ်ကြပါကြောင်း၊ ၎င်းတို့မှလွဲ၍ မည်သူမျှ အကျိုးခံစားခွင့်မရှိပါကြောင်းနှင့် အခြားသူ တစ်ပါးတို့ထံတွင် ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းလှူဒါန်းထားခြင်း၊ အာမခံတင်သွင်းထားခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းထားခြင်းတို့မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အေးအေးမော်** | **ဒေါ်သူသူမင်း** | **ဒေါ်ခင်မို့မို့ထွန်း** |
| **(စဉ်–၇၆၀၇)** | **(စဉ်–၁၂၉၆၅)** | **(စဉ်–၁၅၉၉၄)** |
| **LL.B, D.B.L, WIPO** | **LL.B, D.B.L, WIPO** | **LL.B, WIPO** |

**(တရားလွှတ်တော်ရှေ့နေများ)**

| | |
|---|---|
| **ဒေါ်မာလာသန်းမြင့်** | **ဒေါ်ချယ်ရီဇော်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၂၅၅)** | **အထက်တန်းရှေ့နေ(စဉ်–၄၄၃၉၃)** |
| **LL.B, WIPO** | **LL.B** |

**အမှတ်(၄၉)၊ အခန်း(၅+၆)၊ ဒုတိယထပ်၊ လမ်း–၄၀ (ကမ်းနားဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၂၆၆၂၅၁၂၆၆**

### "(၆–၁၂–၂၀၂၄) ရက်နေ့ ကြေးမုံသတင်းစာကြော်ငြာ စာမျက်နှာ(၃၀)ပါ အများသိစေရန် ဒေါ်ခင်စန်းအေး [၁၀/မလမ(နိုင်)၁၅၇၁၉၆]၏ ကြေညာချက်နှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်း အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ဂေါ်သကလမ်း၊ အမှတ် – ၁၃ (၅–လွှာ)နေ ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဒေါ်သန်းသန်းဝင်း၊ ဒေါ်ခင်သိန်းမြင့်၊ ဒေါ်ခင်နွဲ့၊ ဦးဘရွှေ၊ ဦးတင်လှ၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်စန်းစန်းရီ၊ ဒေါ်ပြုံးပြုံးခင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း ကြေညာအပ်သည်မှာ –

လူကြီးမင်းနှင့် ဦးတင်ရွှေတို့သည် (၂၀၀၄)ခုနှစ်တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီး (၂၀၁၉)ခုနှစ်ခန့်တွင် လူကြီးမင်းမှ ကျွန်ုပ်မိတ်ဆွေများ၏အစ်ကိုဖြစ်သူ ဦးတင်ရွှေအား ပေါင်းသင်းနေထိုင်လိုခြင်းမရှိသည့်အတွက် လူကြီးမင်းတို့နေထိုင်ခဲ့သည့် အမှတ်–၄၃၊ (၄–လွှာ)၊ (၁၆၅)လမ်း၊ တာမွေကြီး(ဂ+ခ)ရပ်ကွက်၊ တာမွေမြို့နယ်ရှိ နေအိမ်မှဆင်းသွားခဲ့သည်မှာ ယနေ့အချိန်အထိဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေများ၏ အစ်ကိုဖြစ်သူ ဦးတင်ရွှေသည် လူကြီးမင်းထားရစ်ခဲ့ပြီးနောက်ပိုင်း ၎င်းတစ်ဦးတည်းနေထိုင်နေရပြီး ကိုဗစ်ကာလတွင် ကိုဗစ်ရောဂါဝေဒနာခံစားသည့်အချိန်တွင်လည်း လူကြီးမင်းမှ လာရောက်ခဲ့ခြင်းမရှိသည့်အပြင် မည်သည့်အဆက်အသွယ်မှ မလုပ်ခဲ့ပါ။ ကျွန်ုပ်မိတ်ဆွေများမှ ၎င်းတို့၏အစ်ကိုကြီးအား ပြုစုစောင့်ရှောက်ခဲ့ရသည့်အပြင် ကျွန်ုပ်မိတ်ဆွေများမှ ၎င်း၏အစ်ကို ဦးတင်ရွှေ မကွယ်လွန်မီအချိန်ထိ အတူနေထိုင်ကာ ပြုစုစောင့်ရှောက်ခဲ့ရပါသည်။ ထို့အပြင် အစ်ကိုဖြစ်သူ ဦးတင်ရွှေ၏ နာရေးကိစ္စအဝဝကိုလည်း ကျွန်ုပ်မိတ်ဆွေများမှပင် ဆောင်ရွက်ခဲ့ပြီး လူကြီးမင်းမှ နာရေးသို့ပင် လာရောက်ခဲ့ခြင်းလုံးဝမရှိပါ။

လူကြီးမင်းဖော်ပြကြေညာထားသည့် အမှတ် – ၁၃၊ ဂေါ်သကလမ်း၊ သာယာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဟုခေါ်တွင်သည့် (၅)ထပ်တိုက်အဆောက်အဦရှိ (၅–လွှာ)တိုက်ခန်းသည် လူကြီးမင်း၏ခင်ပွန်း ပိုင်ဆိုင်သည့်တိုက်ခန်းမဟုတ်ပါ။ လူကြီးမင်းနှင့် ပေါင်းသင်းနေထိုင်ခြင်းမရှိသည့် အချိန်တွင် ကျွန်ုပ်မိတ်ဆွေများနှင့် ဦးတင်ရွှေတို့၏ မိဘများပိုင်ဆိုင်ခဲ့သည့် အမွေပစ္စည်းဖြစ်သည့် မော်လမြိုင်မြို့မှ မြေကွက်နှင့် တာမွေမြို့နယ်ရှိဆိုင်ခန်းတို့အား ရောင်းချ၍ရရှိသော အမွေဝေစုများကို စုပေါင်း၍ ဝယ်ယူခဲ့သည့် တိုက်ခန်းဖြစ်ပါသည်။ ထိုသို့ မောင်နှမများ စုပေါင်းဝယ်ယူခဲ့သည့်အတွက် အဆိုပါတိုက်ခန်းတွင် ကျွန်ုပ်မိတ်ဆွေများနှင့် ဦးတင်ရွှေ အတူတကွနေထိုင်ခဲ့ခြင်းဖြစ်ပါသည်။ လူကြီးမင်း ဖော်ပြကြေညာသလို ဦးတင်ရွှေ ပိုင်ဆိုင်တိုက်ခန်းမဟုတ်ပါ။ ထို့ပြင် ပန်းဘဲတန်းမြို့နယ်၊ (၂၉)လမ်းရှိ ရွှေလုပ်ငန်းဆိုင်မှ ကျပ်သိန်း(၆၀၀)တန်ဖိုး ရွှေထည်ပစ္စည်းများ ကျန်ရစ်ခဲ့ပါသည်ဆိုသည့် ပြောဆိုချက်သည်လည်း မှန်ကန်မှုမရှိပါ။ ကျွန်ုပ်မိတ်ဆွေများ၏လက်ဝယ်တွင် မည်သည့်ရွှေထည်ပစ္စည်းမှမကျန်ရှိခဲ့ကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

ထို့အတူ လူကြီးမင်း ထည့်သွင်းကြေညာထားသည့် Suzuki Ciaz–7P/8453 မော်တော်ယာဉ်တစ်စီးသည်လည်း လူကြီးမင်းလက်ဝယ်တွင် ရရှိပြီးဖြစ်သည်ကို လူကြီးမင်းသိရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်း (၆–၁၂–၂၀၂၄) ရက်နေ့တွင် ကြေညာခဲ့သည့် ကြေညာချက်တွင်ပါဝင်သည့် တိုက်ခန်းနှင့်ပတ်သက်၍သော်လည်းကောင်း၊ ရွှေထည်ပစ္စည်း ကျပ်သိန်း(၆၀၀)နှင့်ပတ်သက်၍သော်လည်းကောင်း ကျွန်ုပ်မိတ်ဆွေများတွင် ပြန်လည်ပေးအပ်ရန် တာဝန်မရှိသည့်အတွက် လူကြီးမင်း တောင်းဆိုထားသည့် (၃၁–၁၂–၂၀၂၄)ရက်နေ့တွင် ပြန်လည်ပေးအပ်ရန် တောင်းဆိုချက်နှင့်ပတ်သက်၍ အကြောင်းမပေါ်ပါကြောင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၅၁)လမ်းနှင့် (၅၂) လမ်းကြား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၅၀၀၃၁၂၉၂**

### အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၂၀)လမ်း/အပေါ်ဘလောက်၊ အမှတ် (၈၄)နေ ဒေါ်အေးစန္ဒာ [၁၂/ဒလန(နိုင်)၀၇၁၅၉၂] နှင့် ဦးမြတ်စိုး [၁၂/ကမန(နိုင်)၀၇၂၃၂၆] တို့သည် (၂–၁၂–၂၀၁၄) ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပြီး လက်ထပ်ပွားပစ္စည်းများလည်း ခွဲဝေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လူမှုရေး၊ စီးပွားရေး၊ ငွေရေးကြေးရေး၊ ကိုယ်ရေးကိုယ်တာ အစရှိသည့် ကိစ္စအဝဝတို့တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးကျော်ကျော်နိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်တင်ဇာဦး (LL.B , LL.M, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်– ၁၅၅၈၉)** | **(စဉ် – ၅၀၉၃၅)** |

**အမှတ် (၅၂၈)၊ ရတနာလမ်း၊ သပြေကုန်း/အရှေ့ပိုင်း၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၂၅၂၇၀၅၁၄၁**

## ASEAN Cup ပြိုင်ပွဲ အုပ်စုတတိယပွဲစဉ်များ ဒီဇင်ဘာ ၁၄၊ ၁၅ ရက် ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

လက်ရှိကျင်းပနေသည့် ၂၀၂၄ ASEAN Cup ပြိုင်ပွဲအုပ်စု တတိယပွဲစဉ်များကို ဒီဇင်ဘာ ၁၄၊ ၁၅ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ဒီဇင်ဘာ ၁၄ ရက်တွင် အုပ်စု (A) ပွဲစဉ်များအဖြစ် မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင် ဗီယက်နမ်နိုင်ငံ၌ တီမောအသင်းနှင့် စင်ကာပူအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ထိုင်းနိုင်ငံ၌ ထိုင်းအသင်းနှင့် မလေးရှားအသင်း၊ ဒီဇင်ဘာ ၁၅ ရက်တွင် အုပ်စု (B) ပွဲစဉ်များအဖြစ် မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင် လာအိုနိုင်ငံ၌ လာအိုအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ၌ ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုတတိယပွဲစဉ်တွင် မြန်မာအသင်းပွဲစဉ်မပါဝင်ဘဲ ဒီဇင်ဘာ ၁၈ ရက်မှသာ လာအိုအသင်းနှင့် ကစားရမည်ဖြစ်သည်။

အုပ်စုဒုတိယနေ့အပြီးတွင် အုပ်စု (A)၌ မလေးရှားအသင်းက နှစ်ပွဲကစား လေးမှတ်၊ ထိုင်းအသင်းနှင့် စင်ကာပူအသင်းက တစ်ပွဲကစား သုံးမှတ်စီ၊ ကမ္ဘောဒီးယားအသင်းက နှစ်ပွဲကစား တစ်မှတ်၊ တီမောအသင်းက နှစ်ပွဲစလုံး ရှုံးကာ အမှတ်မရသေး၊ အုပ်စု (B) ၌ အင်ဒိုနီးရှားအသင်းက နှစ်ပွဲကစား လေးမှတ်၊ ဗီယက်နမ်အသင်းက တစ်ပွဲကစား သုံးမှတ်၊ ဖိလစ်ပိုင်အသင်းက တစ်ပွဲကစား တစ်မှတ်၊ မြန်မာအသင်းနှင့် လာအိုအသင်းက နှစ်ပွဲကစား တစ်မှတ်စီ ရရှိထားသည်။

**ကိုညီလေး**

## အမည်(၂)မျိုးဖြင့် လူတစ်ဦးတည်းဖြစ်ကြောင်း

ကျွန်တော် ဦးသန်းထွဋ်အောင်(ခ)သန်းထွတ်အောင် [၁၂/ရကန(နိုင်)၀၁၇၆၄၃] ၏ အမည်ကို အခြေခံပညာအထက်တန်းအောင်လက်မှတ်၊ အထက်တန်းရှေ့နေစာမေးပွဲတွင် ကျွန်တော်၏အမည်ကို ဦးသန်းထွတ်အောင် ဟုဖော်ပြထားပြီး သိပ္ပံဘွဲ့(ဓာတုဗေဒ) အောင်လက်မှတ်၊ မှတ်ပုံတင်မူရင်းနှင့် သန်းခေါင်စာရင်းမူရင်းတို့တွင် ဦးသန်းထွဋ်အောင်ဟု ဖော်ပြထားရာ အမည်(၂)မျိုးဖြစ်သော်လည်း လူတစ်ဦးတည်းသာလျှင်ဖြစ်ပါသည်။

**ဦးသန်းထွဋ်အောင် (ခ) သန်းထွတ်အောင်**
**[၁၂/ရကန(နိုင်)၀၁၇၆၄၃]**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ ပြည်ရိပ်သာလမ်း၊ တိုက်အမှတ်(၈)၊ အခန်းအမှတ်(၄၃)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းထိုက်ဇော် [၁၂/ကမရ(နိုင်)၀၆၅၅၃၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကြို့စမ်းရပ်ကွက်၊ ဂရုဏာ(၂)လမ်း၊ အမှတ်– ၂/၂၃(ခ)ဟုခေါ်တွင်သော (အလျား ၂၅ ပေxအနံ ၅၀ ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် တစ်ထပ်(RC)နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ဦးသန်းထိုက်ဇော်နှင့် ဇနီးဖြစ်သူ ဒေါ်ယဉ်မင်းအေးတို့ လင်မယားနှစ်ဦးပိုင်ပစ္စည်းဖြစ်သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းထိုက်ဇော်၏ ခွင့်ပြုချက်မရရှိဘဲ အဆိုပါအိမ်နှင့်မြေအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အာမခံပြုလုပ်ခြင်း၊ လှူဒါန်းခြင်းတို့ကို မပြုလုပ်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။ အကယ်၍ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သက်ယုဆွေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၂၂)**
**အမှတ်– ၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၂၆၃၆၈၄၁၄၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ကံ့ကော်ရိပ်သာ–၂)၊ (၃/ကံ့ကော်ရိပ်သာ–၂) ရပ်ကွက်၊ ကံ့ကော်ရိပ်သာ(၂)–(၁၀)လမ်း၊ မြေကွက်အမှတ် (၁၆၅) ဟု ခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးတိုးနိုင်မန်း အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း(၆၅x၈၀)ပေ၊ ဧရိယာ(၀. ၁၁၉)ဧက၊(၅၂၀၀) စတုရန်းပေရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးရဲမင်းထွန်း [၁၂/အစန(နိုင်)၁၈၃၁၄၄] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းဝတ်ရည်ဖိုလ် [၁၂/ဗတထ (နိုင်) ၀၃၄၉၆၂] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းဝတ်ရည်ဖိုလ်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၅၀၅၉၈၆၂၄၊ ၀၉–၂၅၃၅၆၀၀၇၀**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြို့မ(၁)ကျေးရွာ၊ ကွင်းအမှတ် (၅၈၉/စ)၊ ကွင်းအမည်–မရမ်းတလင်း၊ ဦးပိုင်အမှတ်(၅၈/၆)၊ ဧရိယာ(၁.၄၀)ဧကရှိ မြေကွက်ကြီးအနက်မှ (အလျား ၄၀ ပေ x အနံ ၅၁ ပေ)အကျယ်ရှိ အကွက်နံပါတ်(၉) မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များသည် မြေလုပ်ကိုင်သူအမည် ဦးတင်စိုး + ဒေါ်ခင်ခင်ဝင်း အမည်ဖြင့် မှော်ဘီမြို့နယ် မြေစာရင်းဌာနတွင် အမည်ပေါက်လျက်ရှိပါသည်။

အဆိုပါမြေကွက်အား ယခုလက်ရှိ အမည်ပေါက်ပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးတင်စိုး [၁၂/မဘန(နိုင်)၀၆၁၉၇၆]နှင့် ဒေါ်ခင်ခင်ဝင်း [၁၂/မဘန(နိုင်)၀၆၂၀၀၁] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်နှင်းသက် [၁၂/ဥကတ(နိုင်)၀၅၃၃၃၈]ကိုင်ဆောင်သူသည် အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းခြံမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်နှင်းသက်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးမြတ်မွန် (LL.B, L.L.M) အထက်တန်းရှေ့နေ (စဉ်–၅၅၈၄၂)**
**အမှတ်(၁၂၈)၊ မြယာကုန်းလမ်းတို၊ တောင်ညွှန့်ကြီးရပ်ကွက်၊**
**မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၉၅၆၂၆၄၇၈၆၊ ၀၉–၇၈၆၉၅၆၃၉၃**

## " သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြော်ငြာခြင်း"

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ရေတွင်းကုန်းကျေးရွာ၊ မလေးကုန်းရပ်ကွက်၊ အမှတ် (၅/၆)နေ (ဘ) မာမက်အာဆလန် (၁၂/တမန(နိုင်)၁၃၁၄၁၂)နှင့် (မိ) ဂျီနတ်ဘီ (၁၀/ကမရ (နိုင်) ၁၇၅၅၆၇)တို့၏ သားဖြစ်သူ မောင်ဉာဏ်လင်းထွန်းသည် မိဘ၏ ဆိုဆုံးမမှုကို မနာခံပဲ ခွင့်မလွှတ်နိုင်သော အပြုအမူ များနှင့် ပြောဆိုကာ မိမိသဘောဖြင့် နေအိမ်မှ ဆင်းသွားပါသဖြင့် (၁၄.၈.၂၀၂၄)ရက်နေ့မှစ၍ သားအဖြစ်မှ ရာသက်ပန် အမွေပြတ် စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် မောင်ဉာဏ်လင်းထွန်း နှင့် ပတ်သက်ဆက်နွယ်သော ငွေရေး ကြေးရေး အရှုပ်အရှင်း၊ လူမှုရေး အရှုပ်အရှင်းနှင့် အခြားမည်သည့်အရှုပ်အရှင်း ပြဿနာကိစ္စ အရပ်ရပ်တို့ကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း မောင်ဉာဏ်လင်းထွန်း နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်း သီးခံပါ။
မာမက်အာဆလန် (၁၂/တမန(နိုင်)၁၃၁၄၁၂)
ဂျီနတ်ဘီ (၁၀/ကမရ(နိုင်)၁၇၅၅၆၇)

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၃/၂)ရပ်ကွက်၊ ဂရုဏာလမ်း၊ အမှတ်–(၁၅၃+၁၅၄)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်–(၁၄၃/၂)၊ မြေကွက်အမှတ်–(၁၅၃+၁၅၄)၊ အကျယ်အဝန်း (၈၀x၆၀) ပေရှိ ဦးကျော်မြင့်ဆွေ အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေအမည်ပေါက်သူ **ဦးကျော်မြင့်ဆွေ**ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဦးမြတ်မြတ်[၁၂/သဃက(နိုင်)၁၉၇၇၅၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင် [၁၂/ဒဂတ(နိုင်)၁၃၅၁၀၄]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၅၇၆၄)**
**အမှတ်–၁၁၅၊ ပထမထပ်၊ (၃၃)လမ်း၊ (၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၇၈၀၀၅၄၀၆၀၊ ၀၉–၅၀၈၈၆၀၅**

## ဒေါ်ခင်လေးလေး၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခင်ဆွေထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၇၉၁၉)၏ (၁၂–၁၂–၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၄) ပါ "ဒေါ်ခင်လဲ့ဝေ (LL.B.,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၂၉၁)၏ (၁၀–၁၂–၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၆)နှင့် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၉)ပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း၊ သတင်းစာကြော်ငြာများအား ပြန်လည်ရုပ်သိမ်းပေးပါရန် အများသိစေရန်ကြေညာခြင်း" အပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်၊ ကျွန်းလယ်ရပ်ကွက်၊ မဟာမြိုင်လမ်း၊ အမှတ်(၃၁/က)နေ ဦးတင်ဝင်း [၁၂/ရကန (နိုင်) ၀၂၀၉၀၀] ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၁၃–၃–၂၀၂၄)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၈၅၁/၂၀၂၄)အား (၁၀–၁၂–၂၀၂၄) ရက်နေ့တွင် ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခဲ့သည်မှာ ဒေါ်ကျင်သန်း [၁၂/ကမရ(နိုင်)၀၄၁၉၂၀]၏ ဆန္ဒအရနှင့် မိသားစုဝင်များဖြစ်သော သားဖြစ်သူ ဦးတင်ဝင်း၊ ဦးနိုင်ဝင်းနှင့် မြေးဖြစ်သူ ဦးသန်းဇော်တို့၏ ညွှန်ကြားချက်အတိုင်း ထည့်သွင်းကြော်ငြာခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်လည်း လုပ်ထုံးလုပ်နည်းနှင့်အညီ တရားဝင် ပြန်လည်ရုပ်သိမ်းနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်ရန် ဒေါ်ကျင်သန်း၏ ကျန်းမာရေးအခြေအနေကို စောင့်ဆိုင်းနေဆဲသာဖြစ်ပါသည်။ လူကြီးမင်းမှ ဒေါ်ခင်လေးလေး၏ လွှဲအပ်ညွှန်ကြားချက်အရ (၁၂–၁၂–၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာတွင် ဖော်ပြကြေညာခဲ့သည့်အတိုင်း ကျွန်ုပ်မှ မမှန်မကန် ကြေညာခဲ့ခြင်း လုံးဝ မဟုတ်ပါ။ ဒေါ်ကျင်သန်း၊ ဒေါ်ကျင်သန်း၏ မိသားစုဝင်များဖြစ်သော သားဖြစ်သူ ဦးတင်ဝင်း၊ ဦးနိုင်ဝင်းနှင့် မြေးဖြစ်သူ ဦးသန်းဇော်တို့၏ လွှဲအပ်ညွှန်ကြားချက်၊ သဘောတူညီချက်များအရ ထည့်သွင်းကြေညာခဲ့ခြင်းသာဖြစ်ပါကြောင်း ဒေါ်ခင်ဆွေထွန်း (တရားလွှတ်တော်ရှေ့နေ) နှင့် အများသိစေရန်အတွက် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**ဦးတင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်လဲ့ဝေ (LL.B., D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၂၉၁)**
**အမှတ်–၁၃၊ ဆေးရိုးတန်းလမ်း၊ ဆေး/ငြိမ်းရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၀/စီ)၊ ရွှေနံ့သာရပ်ကွက်၊ ငုဝါလမ်း၊ မြေကွက်အမှတ် (၂၆) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၈၀ x $\frac{၃၃၈}{၃၄၆}$) ပေ၊ ဧရိယာ (၁.၄၁) ဧက၊ (၆၁၅၆၀) စတုရန်းပေရှိ ဒေါ်အုန်းကြင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦအပါအဝင် ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးစစ်ငြိမ်းအောင် [၁၂/ရကန(နိုင်)၀၇၂၂၅၂] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၅၀၅၉၈၆၂၄၊ ၀၉–၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀)၊ မြေကွက်အမှတ် (၁၄၃၄/ခ)၊ မိုးမခလမ်း၊ (အလျား ၂၀ ပေx အနံ ၆၀ပေ)၊ ၁၂၀၀ စတုရန်းပေ၊ ဧရိယာ (၀.၀၂၇)ဧက အကျယ်ရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် **ဒေါ်ဆွေမာအောင် [၁၂/ဒဂတ(နိုင်)၀၀၂၈၄၃]** အမည်ပေါက်ကြောင်း၊ အပြီးအပိုင်ရောင်းချသူ **ဒေါ်ခင်သူဇာဝင်း [၅/မရန(နိုင်)၁၅၃၈၆၃]**မှ အဆက်စပ်စာချုပ်စာတမ်းမူရင်းများဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ ၎င်းတစ်ဦးတည်းကသာ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးချစ်ဝင်းလေး [၁၃/မမတ(နိုင်) ၀၃၈၈၀၆]**က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ဤမြေနှင့်အိမ် အပြီးအပိုင်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ **(၇)ရက်အတွင်း** ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲစုနွေး LL.B., WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၅၆၅)**
**အမှတ် (၅၀/ခ)၊ မဟော်သဓာ(၁)လမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၅၅၀၉၂၈၈၂၊ ၀၉-၇၇၃၀၈၄၇၈၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏ အမှုသည်များဖြစ်ကြသော ဒေါ်နုယဉ်၊ ဒေါ်နီလာဦး၊ ဒေါ်စန္ဒာခမ်း၊ ဦးဇော်ဇော်မိုး၊ ဒေါ်ယဉ်ယဉ်အေး (ကွယ်လွန်သူ ဦးအောင်ဆန်းသိမ်း၏ ဇနီး)၊ ဦးကျော်လင်းမြင့်တို့၏ လွှဲအပ်ညွှန်းကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်( ဒ/၉၅) ဟုခေါ်တွင်သော ကွင်းအမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ်(က/၄၁၀) ဧရိယာ (၀.၁၇၀)ဧကရှိ ဂရန်မြေကွက်မှာ သန်လျင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၂၁-၈-၁၉၉၇)ရက်စွဲပါ မိသားစုအမွေခွဲဝေခြင်း မှတ်ပုံတင်စာချုပ်အရ ဦးစိန်တင်၊ ဒေါ်နုယဉ်၊ ဒေါ်နီလာဦး၊ ဒေါ်စန္ဒာခမ်း၊ ဦးဇော်ဇော်မိုး၊ ဦးအောင်ဆန်းသိမ်း၊ ဦးကျော်လင်းမြင့်တို့ ၇)ဦးအတူ ပူးတွဲပိုင်ဆိုင်သည့် မြေကွက်ဖြစ်ပါသည်။ ပူးတွဲပိုင်ရှင်ဖြစ်သူ ဦးစိန်တင်မှာ လွန်ခဲ့သော (၂၆-၂-၂၀၀၇)ရက်နေ့က ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ကျွန်ုပ်၏အမှုသည်များက ဦးစိန်တင် အကျိုးခံစားခွင့်ရှိသော အထက်ပါ ဂရန်မြေကွက်နှင့်ပတ်သက်၍ ၎င်းတို့ (၆)ဦးသာလျှင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အား သန်လျင် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အား စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယဉ်ယဉ်မြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၂၄၃)**
**အမှတ် (၉)၊ မဥ္ဇူလမ်း၊ ဒါရိုဂါရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း- ၀၉-၇၉၂၈၄၈၀၇၃**

## ရောင်းချမည့်အကြောင်းကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ချိန်းဆိုသောနေ့ရက်ကို အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
## သန်လျင်ခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ ဇာရီမှုအမှတ်- ၁
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၈၈

ကမ္ဘာ့ရတနာဘဏ် (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်) (ယခင်) မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (ဘဏ်ကိုယ်စား - ဦးမင်းအောင်၊ ဒုတိယမန်နေဂျာ) } နှင့် { ၁။ ဦးသန်းမင်းဆွေ ၂။ ဒေါ်ပပလင်း

**(ဒီကရီအနိုင်ရရှိသူ)** **(တရားရှုံးများ)**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ တံတားမြို့နယ်ခွဲ၊ (၂) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၂၃)နေ တရားရှုံး ဦးသန်းမင်းဆွေ၊ ဒေါ်ပပလင်း (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

အထက်ပါအမှုတွင် ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်) ရန်ကုန်တောင်ပိုင်းခရိုင် (ယခု) သန်လျင်ခရိုင်၊ တံတားမြို့နယ်ခွဲ၊ ကျောက်တန်းမြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ကွင်းအမှတ် ၅၄၇ (C) တံတားတောင်ရွာမကွင်း၊ ဦးပိုင်အမှတ်- ၃၉(ခ)၊ ဦးသန်းမင်းဆွေ အမည်ပေါက် ဧရိယာ ၂.၀၅ ဧကရှိ ၃(ခ)ရရှိပြီး မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆန်စက်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်) ရန်ကုန်တောင်ပိုင်းခရိုင် (ယခု) သန်လျင်ခရိုင်၊ တံတားမြို့နယ်ခွဲ၊ ကျောက်တန်းမြို့နယ်၊ အမှတ် (၂၃)၊ အမှတ် (၂) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ကွင်းအမှတ်၊ ၅၃၇ B တံတားမြောက်ကွင်း၊ ဦးပိုင်အမှတ်- ၆၇ ဦးသန်းမင်းဆွေ အမည်ပေါက် ဧရိယာ ၀.၁၁ ဧကရှိ ၃(ခ)ရရှိပြီး မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပါမည့်အကြောင်း ဒီကရီရသူ ကမ္ဘာ့ရတနာဘဏ်လီမိတက်က လျှောက်ထားသောကြောင့်၊ ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန်၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန် ချိန်းဆိုပြီးဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကိုကို)**
**ဒုတိယခရိုင်တရားသူကြီး (၄)**
**သန်လျင်ခရိုင်တရားရုံး**

## ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

(ဘ) ဦးထွန်းငွေ၏ သား မောင်ကျော်လင်းထွေး [၃/မဝတ (နိုင်) ၀၁၆၆၃၄]ကိုင်ဆောင်သူ၏ Passport No. MD-519579 မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

**Ph: 09-890415828**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ် (၄၉၉/ခ)၊ ဘောဂဇလလမ်း၊ (၈၇)ရပ်ကွက်နေ မဆန်းမီ မှတ်ပုံတင်အမှတ် [၉/ဇယသ (နိုင်) ၀၀၆၂၃၀]၏ ဖခင်အမည်မှာ ဦးစန်းလွင် [၁၂/သကတ (နိုင်) ၀ ၉၀၀၄၃]နှင့် ဦးဆန်းလွင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေး ရပ်ကွက်နေ မခင်လှဲ့လှဲ့ဝင်း [၁၂/မဘန (နိုင်) ၂၁၇၅၇၃]၏ ဖခင် ဦးဂျေဆန် [TGKN-049417]၏ အမည်မှာ ဦးဂျေဆန်နှင့် ဦးညီညီဇော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## "တစ်ဦးတည်း ဖြစ်ပါကြောင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ဇွဲထော်ကျေးရွာနေ မောင်စိုးထိုက်အောင် [၁၂/သခန (နိုင်) ၁၃၂၆၈၀]၏ဖခင် ဦးမြင့်ငွေ [၁၂/သခန (နိုင်) ၀၂၁၈၃၄]၏ အမည်မှာ ဦးမြင့်ငွေ နှင့် ဦးမြင့်ဝေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ရောင်းရန်ရှိသည်

1. ကမ္ဘာအေး Central Condon (အလွှာမြင့်) 870 Square Feet 1MBR, Living Room, Kitchen, AIR-CON, (Inya View) (ပြင်ပြီး) 9000/-
2. အလုံ/သီရိရိပ်သာ Condon 4th Floor, 1500 square feet, 1MB 2BR (ပြင်ပြီး) 9000/-
3. တောင်ဥက္ကလာ / သံသုမာလမ်း၊ အိမ်ရာဝင်း 5500 square feet 1MBR 2RC 2BR (ဆိတ်ငြိမ်ရပ်ကွက်- အဆင့်မြင့်) 25000/-
4. အင်းယားမြိုင်၊ သံလွင်လမ်း၊ လမ်းမပေါ်တွင် ရောင်းရန်ရှိသည်။

**ဆက်သွယ်ရန်ဖုန်း- 09-964449899**
**09-5072898**
**09-500926**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂ )
## ဒဂုံမြို့သစ်ခရိုင် တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၉ နှင့်ဆက်နွယ်သည့်
## ၂၀၂၄- ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၀၇

ဒေါ်မြင့်မြင့်အေး } နှင့် { ၁။ ဦးလှဝေ ၂။ ဒေါ်အားဆာန်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရှမ်းပြည်နယ်၊ လားရှိုးမြို့ ၊ ဆင်ကြိုင်းရပ်ကွက်၊ အီနိုင်းရွာနေ (၁)တရားရှုံးဦးလှဝေနှင့် ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ ရပ်ကွက် (၁၂)၊ နယ်မြေ (၈)၊ မိုးလုံလေလုံလမ်း၊ အမှတ် (၁၁၇၇)နေ (၂)တရားရှုံး ဒေါ်အားဆာန် သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၉ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်၊ (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၉ ရက်) နေ့မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နိုင်နိုင်)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ၂၆ ရပ်ကွက်၊ ရွှေလင်ပန်းအိမ်ရာအပိုင်း(၂)၊ တိုက်အမှတ်(၄၈)၊ အခန်းအမှတ်(၃၀၁)၊ တတိယထပ် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးအောင်ကျော်မြင့် [၁၂/ဥကမ(နိုင်)၁၈၃၈၃၅]မှ တရားဝင်လက်ရှိပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမျိုးမင်းကျော် [၅/ဒပယ(နိုင်) ၀၈၉၀၁၁]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်သဉ္ဇာထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၄၀)**
**တိုက်(၆၄)၊ အခန်း(၁၀၃)၊ စကားဝါလမ်း၊ ကျန်စစ်သားအိမ်ရာ၊ (၆)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၀၃၆၃၈၅၄**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၄)၊ ရွှေစွန်ညိုလမ်း၊ မြေကွက်အမှတ်(၁၄၄၀/ခ)၏ မြေအကျယ်အဝန်း (၂၀x ၆၀)ပေထဲမှ မြေကွက်အမှတ်(၁၄၄၁)နှင့်ကပ်လျက် (ခေါင်းရင်း)ဘက်ခြမ်း၏ မြေအကျယ်အဝန်း (၁၀x ၆၀)ပေရှိ ဦးရွှေသိန်း[၁၂/လကန(နိုင်)၀၇၁၃၈၇]အမည်ပေါက် မြေချပါမစ် (မူရင်း)ခြမ်း မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်သော ဦးကျော်ဇေယျအောင်[၁၂/သဃက(နိုင်)၁၆၁၇၇၃]နှင့် ဒေါ်ခင်စန္ဒီမျိုး [၁၂/သဃက(နိုင်)၁၆၃၆၂၀]တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁ ၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဒိတ်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမည် (ဒိတ်ကုန်း) ကွင်းအမှတ် (၂၉၇)၊ ဦးပိုင်အမှတ် (၆၃/၂၂) ဧရိယာ (၀.၁၈)ဧကရှိ မြေသည် ဦးညွှန့်လှိုင် အမည်ပေါက် မြေဖြစ်ပါသည်။ ဦးညွှန့်လှိုင်ထံမှ ဒေါ်ခင်မာအေး [၁၄/မမန(နိုင်)၀၀၉၉၁၄]က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပြီး လက်ရောက်ပိုင်ဆိုင်ထားပါသည်။ ရောင်းချသူ ဒေါ်ခင်မာအေးက မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် မြေတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်း/အဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား ပိုင်ဆိုင်မှုစာချုပ်စာတမ်း(မူရင်း)များဖြင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ချက်အရ**

| | |
|---|---|
| **ဒေါ်သီတာဦး** | **ဒေါ်အိအိဖြိုး** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၇၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၈၅၂)** |

**အမှတ်(၈၃)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၃၀၉၅၈၁၁**

## ရန်ကုန်မြို့၊တာမွေမြို့နယ်၊ရန်ကုန်မြို့သစ်စီမံကိန်း၊ကွင်းအမှတ်(၀၃)၊အုပ်စုအမှတ်(RA-3)၊အကွက်အမှတ်(တ-၀၂)၊ မြေကွက်အမှတ်(၀၆၂၈)၊ဧရိယာ(၄၀'×၆၀')ပေရှိယာယီမြေပေးမိန့်တွင်၊ဒေါ်တင်လှ(၁၂/တတန(နိုင်)၁၁၃၄၀၈) အမည်ပေါက်မြေကွက်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ကြောင်း

အထက်ပါမြေကွက်ကို ယာယီမြေပေးမိန့်တွင် တရားဝင်အမည်ပေါက်သူ-ဒေါ်တင်လှ ကအရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။(လွှဲအပ်ညွှန်ကြားချက်အရ)

| | |
|---|---|
| **ဦးသန့်ဇင် (LL-B)** | **ဒေါ်ဟန်နွေနိုင်(LL-B)** |
| အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်–၂၇၃၄၅) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ရန်ကုန်မြို့၊ဒဂုံမြို့နယ်၊ယောမင်းကြီးရပ်ကွက်၊ဗိုလ်ရာညွန့်လမ်း အမှတ်(၂၂)၊ Royal Thazin Condo ၊(၅)ခန်းတွဲ (၆½)ထပ်အဆောက်အအုံ၏(မြေညီထပ်+အပေါ်လွှာ) အခန်းအမှတ်(Town House-C)အကျယ်အဝန်း (2439)စတုရန်းပေရှိသည့်ကွန်ဒိုတိုက်ခန်းအရောင်း အဝယ်ကို ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ပါကွန်ဒိုတိုက်ခန်းကို Naing Group Construction Co.,Ltd ထံမှ အရောင်းအဝယ်သဘောတူကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစည်သူ(၁၂/ပဇတ(နိုင်)၀၂၇၃၉၁)ကိုယ်တိုင်က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခိုင်ခိုင်အောင်(၁၂/သကတ(နိုင်)၁၁၂၃၄၁)က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။အဆိုပါကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

| | |
|---|---|
| **ဦးသန့်ဇင် (LL-B)** | **ဒေါ်ဟန်နွေနိုင်(LL-B)** |
| အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်–၂၇၃၄၅) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့၊ ကွင်းအမှတ်(၁၁၉၃)၊ ဦးပိုင်အမှတ်(၉၂၂)၊ (၆)ရပ်ကွက်၊ ရွှေဥမင်မေတ္တာလမ်း၊ အမှတ်(၄၈၆) မြေနှင့်အိမ်ကို လက်ရှိပိုင်ရှင် ဒေါ်သန်းသန်းနွယ် [၇/ပခန(နိုင်)၁၂၅၀၉၁] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အေးကေသီ [၁၂/မဂဒ(နိုင်)၀၀၅၄၆၆] က လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဉာဏ်ဝင်းအောင်** | **ဒေါ်စောသဇင်** |
| **LL.B., WIPO DL-101 (Switzerland)** | **LL.B.,D.B.L., WIPO DL-101 (Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၅၈၂၁)** | **(စဉ်–၁၁၇၃၆)** |

**တိုက်(၈)၊ အခန်း(၁)၊ မြကန်သာအိမ်ရာ၊ မြကန်သာလမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၄၀၀၇၃၁၁၊ ၀၉–၅၄၁၄၆၂၀**

## ဦးစည်သူဉာဏ်ဝင်း [၁၂/ခရန(နိုင်)၁၁၀၁၀၆]သိစေရန်

ဦးမိုဟာမက်မွိုင်ဒင် [၁၂/ဥကတ(နိုင်)၁၃၅၂၃၂]၊ ဒေါ်သီတာဝင်း [၁၂/ဥကတ(နိုင်)၁၃၄၇၀၈]တို့နှင့် ဦးစည်သူဉာဏ်ဝင်းတို့ ချုပ်ဆိုခဲ့သော (၁၀–၁–၂၀၁၄)ရက်စွဲပါ စာချုပ်မှာ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ်–၁၀၀၇(က)ဟုခေါ်တွင်သော (၁၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိနေအိမ်အား အရောင်းအဝယ်စရန်ငွေပေး ကတိစာချုပ်သာဖြစ်ပါသည်။ ယင်းစာချုပ်တွင် လျော်ကြေး/နစ်နာကြေးပေးရမည်ဟု တစ်လုံးတစ်ပါဒမျှ မပါရှိပါ။ အဆောက်အဦအသစ် ကန်ထရိုက်ဆောက်လုပ်ရန်ဟု ယင်းစာချုပ်တွင် တစ်လုံးတစ်ပါဒမျှမပါရှိပါ။ နစ်နာကြေးပေးရမည်ဟုလည်း မပါရှိပါ။ ဂရန်အမည်ပေါက်ရရှိပြီးနောက် လူကြီးမင်းအား အပြီးသတ်ငွေချေရန် ဦးမိုဟာမက်မွိုင်ဒင်နှင့် ဒေါ်သီတာဝင်းတို့က လာပြောသည့်အခါ လူကြီးမင်းက ကျပ်သိန်း(၅၀၀) နှင့် ရောင်းရင်တောင် မဝယ်တော့ဘူးဟုပြောခဲ့ပါသည်။ ဦးမိုဟာမက်မွိုင်ဒင် နှင့် ဒေါ်သီတာဝင်းတို့က စရန်ငွေပြန်ပေး သော်လည်း လူကြီးမင်းက လက်မခံခဲ့ဟုသိရပါသည်။ လူကြီးမင်း၏ တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ကျော် ပေးပို့သောနို့တစ်စာကို လိုက်နာရန်အကြောင်းမရှိပါ။ လူကြီးမင်းအား စရန်ငွေပြန်ပေးရန် အသင့်ရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမိုဟာမက်မွိုင်ဒင်၊ ဒေါ်သီတာဝင်း** | **ဦးလှဖေ(ဇလွန်)** |
| **အမှတ်–၁၀၀၇(က)၊ သီရိဇေယျာလမ်း၊** | **အထက်တန်းရှေ့နေ** |
| **(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **(စဉ်–၅၈၉၄/၁၉၈၂)** |
| | **အမှတ်(၁၇)၊ ဒုတိယထပ်(ယာ)၊** |
| | **၅၄–လမ်း၊ ပုဇွန်တောင်မြို့နယ်။** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်(FMI City အိမ်ရာစီမံကိန်း)၊ မြေတိုင်းရပ်ကွက်အမှတ်(FMI–8)၊ မြေကွက်အမှတ်–၆၅၃၊ အကျယ်အဝန်း(၄၀x၆၀)ပေ၊ ဧရိယာ(၀.၀၅၅)ဧကအကျယ်ရှိ ဒေါ်ရင်ပု (CG–000846) [၁၂/တမန(နိုင်)၀၆၆၅၂၅] အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် C.75၊ ပိတောက်ဝါ(၉)လမ်း၊ FMI City၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သော နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင်ထံမှဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ကာ လက်ရှိထား အကျိုးခံစားလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူဖြစ်သော ဦးစန်းဝေထွန်း [၇/ပမန(နိုင်)၁၀၃၁၇၀ ]ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်လုံသောအထောက်အထား ပိုင်ဆိုင်မှု စာချုပ် စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
| **ဦးဝဏ္ဏဇော်(စဉ်–၉၇၈၀)** | **ဦးမင်းမင်း(စဉ်–၂၇၃၂၀)** |
| **ဒေါ်စိုးစိုးနွယ်(စဉ်–၁၄၁၈၃)** | **ဦးဇာနည်အောင်(စဉ်–၄၉၉၆၀)** |
| **ဒေါ်အေးမွန်သိန်း(စဉ်–၁၆၂၆၉)** | **ဒေါ်နွေးနွေးအိ(စဉ်–၄၉၄၇၁)** |

**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း– ၀၉–၄၃၁၃၃၉၉၀၊ ၀၉–၅၁၈၁၁၈၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၉/က+ခ၊၃၃/က+ခ(မေခအိမ်ရာ)၊ မြေကွက်အမှတ်– ၅၃/၁၀–က၊ ဧရိယာ(၀.၀၆၄)ဧက အကျယ်ရှိ ဦးသန်းထွန်း(ခ)ကောက်အိမ်(ခ)ဂျော့ချောင်း [၁၂/ဗတထ(နိုင်)၀၂၃၆၂၂]၊ ဒေါ်ခင်လှတင့်(ခ)ဘေဘီချောင်း(ခ)မော်လီချောင်း [၁၂/ဗတထ(နိုင်)၀၂၃၆၇၆] အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၉–E)၊ မေခလမ်းသွယ်(၃)၊ မေခအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်ဟုခေါ်တွင်သည့် နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်အရပ်ကတိစာချုပ်ဖြင့် လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတို့၏ လွတ်လပ်သောသဘောဆန္ဒဖြင့် အဆိုပြုသူများဖြစ်သော ဒေါ်စောယုမွန် [၁၄/ဂခမ(နိုင်)၀၀၁၁၁၅]၊ ဒေါ်ဇင်မွန်လွင် [၁၂/တမန(နိုင်)၁၀၃၃၇၂] တို့ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်လုံသော အထောက်အထားပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
| **ဦးဝဏ္ဏဇော်(စဉ်–၉၇၈၀)** | **ဦးမင်းမင်း(စဉ်–၂၇၃၂၀)** |
| **ဒေါ်စိုးစိုးနွယ်(စဉ်–၁၄၁၈၃)** | **ဦးဇာနည်အောင်(စဉ်–၄၉၉၆၀)** |
| **ဒေါ်အေးမွန်သိန်း(စဉ်–၁၆၂၆၉)** | **ဒေါ်နွေးနွေးအိ(စဉ်–၄၉၄၇၁)** |

**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း– ၀၉–၅၁၈၁၁၈၅၊ ၀၉–၄၃၁၃၃၉၉၀**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ်–၄၀၄(က)တွင် နေထိုင်သော ဦးစောလောမူးမူး [၁၂/အလန(နိုင်)၀၁၂၃၉၈]၏သမီး နော်ဆာခီးလာမူး [၁၂/အလန(နိုင်)၀၄၉၈၁၃]သည် ဖခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် နော်ဆာခီးလာမူးနှင့် ဆက်နွှယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စမဆို ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်တော့ပါကြောင်း နော်ဆာခီးလာမူးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**စောလောမူးမူး [၁၂/အလန(နိုင်)၀၁၂၃၉၈]**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ပုဂံစက်လမ်း၊ အမှတ်(၅၅)ဟုခေါ်တွင်သော မြေအကျယ် (၂၀') x (၆၀')ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော RC Hall (၅) ထပ်တိုက်အဆောက်အဦ၏ (ကန်ထရိုက်တာရရှိသည့်) (အလျား x အနံ) (၁၇½' x ၅၀') အကျယ်အဝန်းရှိ အပေါ်ဆုံးထပ် (ဒါဘာ) ထပ်ခိုးအပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်အသုံးပြုသည့် လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ပိုင်ဆိုင်သူ ဒေါ်လဲ့လဲ့ဝင်း [၁၂/မရက(နိုင်)၀၇၉၄၀၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးစည်သူဝင်း [၁၂/မရက(နိုင်) ၁၄၂၀၉၂] နှင့် ဒေါ်အိနှင်းဝေ [၁၂/မရက (နိုင်)၁၄၃၈၉၈] တို့က (၁၁–၁၂–၂၀၂၄)ရက်နေ့တွင် နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်ပြုလုပ်ချုပ်ဆို၍ အပြီးအပိုင်ဝယ်ယူကာ လက်ရောက်ရရှိပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ တိုက်ခန်းနှင့် ပတ်သက်၍ လက်ရှိပိုင်ဆိုင်သူမှာ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးစည်သူဝင်းနှင့် ဒေါ်အိနှင်းဝေတို့သာလျှင်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးငြိမ်းချမ်းကိုကို** | **ဒေါ်ကေဇင်ဦး** |
| **LL.B, D.B.L, D.I.L, WIPO(Switzerland)** | **(LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၂၉၉၇)** | **(စဉ်–၁၂၈၈၉)** |

**အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၄၃၀၃၅၀၂၇၊ ၀၉–၇၉၅၅၆၃၃၀၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျောင်းစုရပ်ကွက်နေ မခိုင်မာလာဇော် [၁၂/ဒလန(နိုင်)၀၈၂၀၇၃] ၏ ဖခင်အမည်မှန်မှာ ဦးမြတ်ဇော်ဦး [၁၂/ဒလန(နိုင်)၀၄၂၇၃၃]နှင့် ဦးမြင့်ဇော်ဦး [၁၂/ဒလန(နိုင်)၀၄၂၇၃၃]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တံတားချောင်းကျေးရွာနေ မမေသဲဆု [၁၂/ဒလန(နိုင်)၀၇၆၅၄၉]၏ ဖခင် ဦးသန့်ဇင်ထွန်းနှင့် ဦးသန့်ဇင် [၁၃/ရစန(နိုင်)၀၇၆၅၃၀]သည်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဒေါ်ခင်နှင်းယုနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၂) ရပ်ကွက်၊ ပေါ်ဆန်းမွှေး(၅)လမ်း၊ အိမ်အမှတ်(၁၇၃/ခ)နေ (ဘ) ဦးသိန်းနု၏သမီး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (E/ISN–629156) ကိုင်ဆောင်သူ ဒေါ်မာလာ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဒေါ်ခင်နှင်းယုနှင့် အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မာလာနှင့် ခင်ပွန်းဖြစ်သူ ဦးမြင့်ဆွေ(ကွယ်လွန်)တို့သည် (၂၈–၃–၁၉၉၀)ခုနှစ်တွင် ဦးမြင့်ဆွေအမည်ပေါက် မြေချပါမစ်အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အိုးအိမ်ဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပေါ်ဆန်းမွှေး (၅)လမ်း၊ အမှတ်(၁၇၃/ခ)၊ မြေအကျယ်အဝန်း (၂၀ပေx ၆၀ ပေ)အား ချပေးထားခဲ့ရာ (၁၇–၁၁–၁၉၉၈)ခုနှစ်တွင် လူကြီးမင်း ဒေါ်ခင်နှင်းယုထံတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာလာ၏ခင်ပွန်း ဦးမြင့်ဆွေ (ကွယ်လွန်)မှ ဦးမြင့်ဆွေ အမည်ပိုင် မြေချပါမစ် မူရင်းအား ငွေကျပ် (၇၈၀၀၀/–)ဖြင့် (ခုနစ်သောင်းရှစ်ထောင်ကျပ်တိတိ)ဖြင့် ပေါင်နှံခဲ့ရာ ယနေ့အချိန်ထိ လူကြီးမင်းဒေါ်ခင်နှင်းယုသည် ကျွန်ုပ်၏မိတ်ဆွေပိုင် မြေချပါမစ်မူရင်းအား ပြန်လည်ရွေးယူရန်အတွက် လိုက်လံရှာဖွေသော်လည်း ယနေ့အချိန်အထိ ရှာဖွေမတွေ့ရှိသည့်အတွက် ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်၏ မိတ်ဆွေပိုင် မြေချပါမစ်မူရင်းအား ပြန်လည်ရွေးယူ ခွင့်ပြုရန်နှင့် သတ်မှတ်ရက် ပြည့်သည့်အထိ ပြန်လည်ရွေးယူခွင့်မပြုပါက တည်ဆဲ ဥပဒေနှင့်အညီ တရားတစ်ထုံးစွဲဆိုသွားမည်ဖြစ်ကြောင်း ဒေါ်ခင်နှင်းယု [မှတ်ပုံတင်အမှတ်–၁၄/ရကန(နိုင်)၀၅၄၂၄၁] ကိုင်ဆောင်သူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးတင်ကိုကို(LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၅၉၈၅)**
**အမှတ်–၄၄၂/ခ၊ ပြည်လမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၄၄၇၀၃၅၅၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အိမ်အမှတ် (၄၅၇/ခ)၏ ခေါင်းရင်းဘက်အခြမ်း၊ (၁၀ပေx ၆၀ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် ရေ၊ မီးမီတာနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးတင်မောင်(ခ) ဦးရွှေလှိုင် [၁၂/ပဇတ(နိုင်)၀၂၂၁၇၈]မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏ အမှုသည်က ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း တရားဝင်စာရွက်၊ စာတမ်းမူရင်းများနှင့်တကွ ခိုင်လုံစွာလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်ကိုကို(LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၅၉၈၅)**
**အမှတ်–၄၄၂/ခ၊ ပြည်လမ်း၊(၁၀)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၄၄၇၀၃၅၅၃**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးစိုးဝင်းမောင် [၁၂/တမန(နိုင်)၀၃၃၇၆၉]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်သည်မှာ –

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ် (၁၂၈၅)၊ အကျယ်အဝန်း (အလျား၄၀ပေ x အနံ၆၀ပေ)ရှိ ပါမစ်အမျိုးအစားမြေကွက်နှင့် အဆိုပါ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးသိန်းဟန် [၁၂/ရကန(နိုင်)၀၂၈၂၆၇]အမည်ပေါက်ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကြည်ဝင်း [၁၂/ဗဟန(နိုင်)၀၅၀၆၈၀]ထံသို့ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးစိုးဝင်းမောင်က ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်မည့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည်ဆိုပါက မည်သူမဆို အထောက်အထား ခိုင်မာစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဇင်သင်းအောင်** | **ဒေါ်ယမင်းလတ်** | **ဦးသက်ပိုင်ဝင်း** |
| **[LL.B, B.D.S, WIPO (Switzerland)]** | **[LL.B, D.B.L, WIPO (Switzerland)]** | **LL.B** |
| **(စဉ် – ၁၄၄၇၉)** | **(စဉ် – ၈၅၆၄)** | **(စဉ် – ၅၃၅၆၆)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**ရုံးအမှတ်(၉/၁၁)၊ ပထမထပ်(၁၀၃– H)၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၅၀၅၃၄၆၈၊ ၀၉–၉၆၅၀၅၃၄၆၈၊ ၀၉–၅၁၈၁၂၁၀၊ ၀၉–၇၈၅၁၈၁၂၁၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၅(သစ်ထည်)၊ မြေကွက်အမှတ်(P)၊ ဧရိယာ (၀.၁၁၀)ဧက၊ (၄၀၀၀)စတုရန်းပေ အကျယ်အဝန်းရှိ ဦးတင်မော်အောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်အနက် တရားဝင်ခွဲစိတ်ထားသော မြေကွက်အမှတ်–(P/က)၊ ဧရိယာ (၆၀' x ၆၀')၊ (၀. ၀၈၂၆)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(P/က)၊ ဦးတင်အေးလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မြေအမည်ပေါက် ဦးတင်မော်အောင်က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ဦးတင်မော်အောင် [၁၂/ရကန(နိုင်)၀၁၅၃၂၁]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးသိန်းထူး [၁၂/ရကန(နိုင်)၀၉၀၅၀၉] နှင့် ဒေါ်သန်းသန်းအိ [၆/မအရ(နိုင်)၀၀၂၀၀၁]တို့က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်း မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးကိုကိုဇော်** | **ဒေါ်နှင်းဇာခြည်မြင့်** |
| **LL.B, W.I.P.O (Swit)** | **LL.B,D.B.L,D.M.L, D.I.L, D.I.P.L, W.I.P.O (Swit)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၇၆၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၄၁)** |

**အမှတ် (၆၂)၊ ပထမထပ်၊ အခန်း (၁၆)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၅၀၉၃၉၇၀၊ ၀၉–၂၅၄၅၄၆၃၆၅၊ ၀၉–၄၄၃၁၀၅၅၈၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် –၅၊ ပင်းယ(၁၃)လမ်း၊ မြေကွက်အမှတ်(၄၉၁/က)၊ ဧရိယာ(၂၀'x၆၀')၊ (၀.၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်ဌေးဌေးရီ အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက် နှင့် ယင်းမြေကွက်၌ ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်ကို မြေအမည်ပေါက် ဒေါ်ဌေးဌေးရီထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး အထူးကိုယ်စားလှယ်လွှဲစာအမှတ်– ၂၈၄၂၇/၂၀၁၄ (၂၁–၁၀–၂၀၁၄) ရရှိထားကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်ဝတ်ရည်လွင် [၁၃/လရန (ဧည့်) ၀၀၀၅၂၈] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ယမင်း [၁၂/ဒဂန (နိုင်) ၀၃၂၉၃၈] က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးကိုကိုဇော်** | **ဒေါ်နှင်းဇာခြည်မြင့်** |
| **LL.B, W.I.P.O (Swit)** | **LL.B,D.B.L,D.M.L, D.I.L, D.I.P.L, W.I.P.O (Swit)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၇၆၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၄၁)** |

**အမှတ် (၆၂)၊ ပထမထပ်၊ အခန်း (၁၆)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၅၀၉၃၉၇၀၊ ၀၉–၂၅၄၅၄၆၃၆၅၊ ၀၉–၄၄၃၁၀၅၅၈၃**

## အများသိစေရန်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ(၁၀)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၃၀)ပါ ဦးအောင်ဇော်ဝင်း(တရားလွှတ်တော်ရှေ့နေ)၏ ကန့်ကွက်နိုင်ပါသည်ကြေညာနှင့်ပတ်သက်၍ အိမ်ခြံမြေအရောင်း အဝယ်ကိစ္စအား နှစ်ဦးသဘောတူ ဖျက်သိမ်းပြီးဖြစ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းမြိုင်[၁၂/ဥကမ(နိုင်)၀၅၉၇၁၉] ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၈၂)**
**အမှတ်(၁၅)၊ ခိုင်ရွှေဝါလမ်း၊ မြဥယျာဉ်စိုက်ပျိုးရေးခြံ၊ (၄)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၈၄၆၅၈၇၁၊ ၀၉-၉၅၃၀၁၀၇၇၈**

## “ဂုဏ်ပြုမှတ်တမ်းတင် ကျေးဇူးတင်လွှာ”

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဓမ္မယုတ္တိနိကာယ မဟာရင်ဂိုဏ်းဗဟိုအကျိုးတော်ဆောင်ချုပ်၊ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဒီဃနိကာယပါဠိပါရဂူ) ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက်သီမွန်ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ထိုင်းနိုင်ငံ မဟာချူလာ လောင်ကွန်းတက္ကသိုလ် ဂုဏ်ထူးဆောင် ဒေါက်တာဘဒ္ဒန္တဝေပုလ္လမဟာထေရ် သက်တော် ၇၅-နှစ်၊ သိက္ခာတော် ၅၄-ဝါရ ဆရာတော် ဘုရားကြီးသည် (၃၀-၁၁-၂၀၂၄) စနေနေ့တွင် ဘဝနတ်ကျောင်း ပြောင်းရွှေ့စံမြန်းတော်မူခဲ့သဖြင့် ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ် တော်ကို (၈-၁၂-၂၀၂၄) တနင်္ဂနွေနေ့တွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင်အခမ်းအနားကို ဆရာတော်ကြီးစံကျောင်းတော်၌ ထေရဝါဒသာသနာ ထုံးတမ်းစဉ်လာများနှင့်အညီ ခမ်းနားစွာကျင်းပခဲ့ပြီး (၉-၁၂-၂၀၂၄) တနင်္လာနေ့တွင် ဆရာတော်ဘုရား၏ အရိုးဓာတ် ပြာတော်ကို ရန်ကုန်မြစ်အတွင်း၌ ဓာတုဝါဟန ရေမျှောပူဇော်ခြင်း ဆောင်ရွက်ခဲ့ပါသည်။

အနုမောဒနာချီးမြှင့်ပေးကြပါသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီးနှင့်အဖွဲ့ ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး သံဃာ့ဂိုဏ်းအသီးသီးမှ ဆရာတော်ကြီးများ၊ အနယ်နယ်အရပ်ရပ်မှ မဟာရင်ဂိုဏ်းဝင်ဆရာတော်များ၊ ဆရာတော်ဘုရားကြီး မကျန်းမာစဉ်ကာလ ကြည့်ရှုစောင့်ရှောက်ကုသပေးခဲ့သော ပါမောက္ခဆရာဝန်ကြီး ဒေါက်တာဆန်းလွင်နှင့် ဆရာဝန် ကြီးများ၊ ဆရာ ဆရာမများ၊ ငါးနှစ်တိုင် ဆရာတော်ဘုရားကြီးအား ကျန်းမာရေးကုသစရိတ်နှင့် ဆေးဝါးဓာတ်စာများကို လှူဒါန်းခဲ့သော (ဆန်းလွင်ထရေးဒင်းကုမ္ပဏီ) မှ ဒေါက်တာဆန်းလွင် ညီအစ်ကိုမောင်နှမများနှင့် အလှူ့ဒါယကာ၊ ဒါယိကာမများ၊ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသည်မှ အရိုးဓာတ်ပြာတော်ကို ရေမျှောပူဇော်သည်အထိ အန္တိမအဂ္ဂိစျာပနသာဓုကီဠနပူဇာအဝဝကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော (၁) ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊(၂) နယ်လုံဝန်ကြီး၊(၃) သယံဇာတဝန်ကြီး၊ (၄) လူမှုရေးဝန်ကြီး၊ (၅) ရန်ကုန်မြို့တော်ဝန်၊(၆) တိုင်းရင်းသားရေးရာဝန်ကြီး၊ (၇) သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊(၈) ရေဝေးသုသာန်မှ တာဝန်ရှိသူများ၊ (၉) ကမာရွတ်ခရိုင်မှ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ/ရဲတပ်ဖွဲ့များ/စည်ပင်သာယာရေးအဖွဲ့/မီးသတ်/ကြက်ခြေနီ/ ယာဉ်ထိန်းတပ်ဖွဲ့များ၊ (၁၀) ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့နှင့် ဝတ်အသင်းများ၊ (၁၁) လူကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော တပည့်ဒါယကာ ဒါယိကာမများ၊ ရပ်ဝေးရပ်နီး နဝကမ္မအလှူငွေများကို လာရောက်ပေးပို့လှူဒါန်းသော ဒါယကာ ဒါယိကာမများ၊ ဝေယျာဝစ္စကုသိုလ်ယူသူ အဖွဲ့များအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို ဂုဏ်ပြုမှတ်တမ်းတင် ကျေးဇူးတင်အပ်ပါသည်။

**အန္တိမအဂ္ဂိစျာပနကျင်းပရေးကော်မတီ**
**ကျိုက်သီမွန်ကျောင်းတိုက်**
**ဗဟန်း၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈)၊ ဥဇ္ဇနာ(၄)လမ်း၊ မြေကွက်အမှတ်(၁၂၀)၊ ဒေါ်နန်းကျော့ခိုင်အမည် ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်၊ အလျား x အနံ (၄၀x၆၀) ပေအကျယ်ရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်ကို အဆင့်ဆင့်အရောင်းအဝယ်စာချုပ်ဖြင့် လက်ရောက်ပိုင်ဆိုင် သည်ဟုအဆိုရှိသူ ဒေါ်နန်းဝင်းဝင်းမြင့် [၅/ကသန(နိုင်)၀၃၃၅၉၀]က ကာလ ပေါက်ဈေးအတိုင်း ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူပြီး စရန်ငွေအချို့ကိုပေးအပ်ထားပါသည်။ အရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းများယူ ဆောင်၍ ဤသတင်းစာကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဌေးလွင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၃၄၀၈)**
**အမှတ်(၃၁၅)၊ (၂၁)ရပ်ကွက်၊ အောင်ဇေယျဘုရားလမ်း၊**
**ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၀၁၅၇၉၀၈၁**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၃၁၊ မြေကွက်အမှတ်- ၆၄၊ ဧရိယာ(၀.၁၁)ဧက၊ မြေကွက် တည်နေရာအမှတ်-(၆၄)၊ စံပယ်လမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဗိုလ်မှူးကြီးစိုးတင့် (NBN-၁၄၃၇၃၂) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေအား ဂရန်အမည်ပေါက် ဗိုလ်မှူးကြီး စိုးတင့်(NBN-၁၄၃၇၃၂) ခင်ပွန်းဖြစ်သူ သည် (၁၃-၂-၂၀၂၁) ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်စန်းမြင့် [၇/ပခန(နိုင်)၀၀၆၆၆၁] မှ ဂရန်မူရင်း၊ သေစာရင်း၊ ခင်ပွန်း ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ ကွယ်လွန်သူ၏ဇနီး ဖြစ်သူ ဒေါ်စန်းမြင့်ကသာလျှင် တရားဝင် အမွေဆက်ခံခွင့် ရှိပါကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံ ပိုင်ဆိုင်သူ တစ်ဦးတစ်ယောက်မျှမရှိ ပါကြောင်း အလုံခရိုင်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်-၃၇၁၄/၂၀၂၄ (၃-၉-၂၄)၊ အသိသက်သေ(၂)ဦး၏ ထပ်ဆင့် ကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ပိုင်ဆိုင်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံ သော အထောက်အထားများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ရှီလာ (Mrs. Sheila D' Cruz)**

**အသက်(၈၁)နှစ်**

ဦးထွန်းမင်းမော်နှင့်ဒေါ်မိမိသက် (Chief People Officer– Grand Royal Group International Co.,Ltd)တို့၏ မိခင်ဖြစ်သူ ဒေါ်ရှီလာသည် ၁၁-၁၂-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်မိုးကျော်(Co–Chairman,GRGICL)နှင့်**
**ဇနီး ဒေါ်မာမာထွန်း မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ရှီလာ (Mrs. Sheila D' Cruz)**

**အသက်(၈၁)နှစ်**

ဦးထွန်းမင်းမော်နှင့်ဒေါ်မိမိသက် (Chief People Officer– Grand Royal Group International Co.,Ltd)တို့၏ မိခင်ဖြစ်သူ ဒေါ်ရှီလာသည် ၁၁-၁၂-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**CEO & Management Team (GRGICL)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ ဗိုလ်ရှဲလမ်း၊ အမှတ်(၁၅၉)၊ ဒုတိယထပ်၊ အခန်းအမှတ်(၅)၊ အကျယ်အဝန်း ( ၁၂ ၃/၂ ပေ x ၆၀ ပေ ) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်အန်းကူ [၁၂/ပဘတ(နိုင်)၀၂၃၇၁၇] မှ အမည်ပေါက်ပြီး၊ ယခုရောင်းချသူ ဒေါ်မွေးမွေး [၁၂/ကတတ(နိုင်)၀၂၀၄၉၈] မှ အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်ပြီး၊ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဦးမျိုးသန့်(ခ)ဦးမောင်ကြီး | ဒေါ်တင်မိုးခိုင် | ဒေါ်ခင်စန္ဒာထွန်း |
|---|---|---|
| LL.B (စဉ်-၁၀၅၇၇) | LL.B (စဉ်-၄၂၁၆၉) | LL.B (စဉ်-၅၁၃၆၀) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(၁၂၁၂/ခ)၊ တိုးချဲ့(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း-၀၉-၇၉၇၁၆၃၈၆၅၊ ၀၉-၇၉၅၃၈၆၄၄၇**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ရှီလာ (Mrs. Sheila D' Cruz)**

**အသက်(၈၁)နှစ်**

ဦးထွန်းမင်းမော်နှင့်ဒေါ်မိမိသက် (Chief People Officer– Grand Royal Group International Co.,Ltd)တို့၏ မိခင်ဖြစ်သူ ဒေါ်ရှီလာသည် ၁၁-၁၂-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**GRGICL Family**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သံဒွေပင်(မြောက်ပိုင်း)၊ ပြည်လမ်း၊ အမှတ်(၄/၅)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၆ x ၉၀)ပေရှိ မြေနှင့်နေအိမ်အား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးခိုင် [၁၂/မဘန(နိုင်) ၀၁၁၂၈၉] ကိုင်ဆောင်သူထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေနှင့်နေအိမ် အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထန်လင်ခွန် [၁၃/ကခန(နိုင်)၀၁၈၀၁၃၈] ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဇော်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၈၂)**
**အမှတ်(၁၅)၊ ခိုင်ရွှေဝါလမ်း၊ မြဥယျာဉ်စိုက်ပျိုးရေးခြံ၊ (၄)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၈၄၆၅၈၇၁၊ ၀၉-၉၅၃၀၁၀၇၇၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City အိမ်ရာစီမံကိန်း၊ ဇုန်(B)၊ တိုက် (B.1)၊ ၃-လွှာ၊ အခန်း(၃၀၆)၊ အကျယ် (၉၃၈) စတုရန်းပေရှိ တိုက်B+ကွန်ဒိုတိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်ဂျူလိုင် ကျော်မိုး [၁၂/သဃက(နိုင်)၁၆၄၂၂၈] မှ မိမိပိုင်ဆိုင်လက်ဝယ်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒို တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ် ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စမ်းစမ်းဝင်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၉၅/၂၀၀၄)**
**တိုက် (၅၀)၊ အခန်း (A-20)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၄၀၈၄၁၅**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **သစ်တောသစ်ပင်များကို ချစ်မြတ်နိုးကြရန်၊ တစ်ပင်စိုက် တစ်ပင်ရှင်ရမည်ဟူသည့်စိတ်မွေး၍ ဆောင်ရွက်ကြရန်...**

❖ **အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေး သစ်ပင်များကို စနစ်တကျဖြင့် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

**မတ္တရာမြို့နယ်ရှိ စကျင်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကလေးငယ် တစ်ဦး အပါအဝင် ပြည်သူသုံးဦး သေဆုံးပြီး ကျေးရွာများကို ဆက်တိုက်မီးရှို့ဖျက်ဆီးနေဟု မဟုတ်မမှန် ရေးသားဖြန့်ဝေ**

စာမျက်နှာ » ၁၉

**အာဖဂန်နစ္စတန် နိုင်ငံတစ်ဝန်း၌ အထွေထွေရောဂါကုဆေးရုံ ၃၁၈ ရုံ တည်ဆောက်မည်**

စာမျက်နှာ » ၂၀

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ အမျိုးသား/အမျိုးသမီး မာရသွန်ပြိုင်ပွဲ၊ အမျိုးသား မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ၊ အမျိုးသား လုံတံပစ်ပြိုင်ပွဲ၊ အမျိုးသား မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲ ၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့ကြသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ရေကူးပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ ရေကူးကန်၌ ကျင်းပရာ အမျိုးသား မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၊ အမျိုးသား မီတာ ၄၀၀ ပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၄၀၀ ပြိုင်ပွဲ၊ အမျိုးသား မီတာ ၂၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၂၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ၊

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ■



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပရိသတ်များ ကြည့်ရှုအားပေးကြစဉ်။

## ထိုင်းနိုင်ငံသို့ဝင်ရောက်ရန် ဗီဇာလျှောက်ရာတွင် e -Visa စနစ်အသစ်ဖြင့် ဗီဇာအမျိုးအစားအားလုံးအတွက် လျှောက်ထားနိုင်




ထိုင်းနိုင်ငံသို့ဝင်ရောက်ရန် e-Visa စနစ် အမှတ်တံဆိပ်။

**ရန်ကုန် ဒီဇင်ဘာ ၁၃**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ပြီး မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံတွင် လက်ရှိနေထိုင်လျက်ရှိသော အခြားနိုင်ငံသားများအတွက် ထိုင်းနိုင်ငံသို့ ဝင်ရောက်ရန် ဗီဇာလျှောက်ရာတွင် e-Visa စနစ်အသစ်ဖြင့် ဗီဇာအမျိုးအစားအားလုံးအတွက် လျှောက်ထားနိုင်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးက အသိပေးကြေညာထားသည်။

ဗီဇာလျှောက်ထားသူများသည် ပတ်စပို့နှင့် ဗီဇာလျှောက်ရန်လိုအပ်သော စာရွက်စာတမ်းများကို ထိုင်းသံရုံးသို့ လူကိုယ်တိုင်လာရောက်တင်ပြရန်မလိုအပ်တော့ကြောင်းနှင့် e-Visa စနစ်အသစ်ဖြင့် ဗီဇာအမျိုးအစား

စာမျက်နှာ ၁၉ ကော်လံ ၅ သို့ ✦

## ၁၃ - ၁၂ -၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၄၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။ **မိုး/ဇလ**